# စက်မှုဝန်ကြီးဌာန
# စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းရှင်များ တွေ့ဆုံပွဲကျင်းပဆောင်ရွက်မှု အခြေအနေတင်ပြချက်အစီရင်ခံစာ

ရက်စွဲ။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ    ရက်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ရည်ရွယ်ချက် | ၁ |
| ၃။ | အခမ်းအနားအစီအစဉ်နှင့်တက်ရောက်မှုအခြေအနေ | ၁-၂ |
| ၄။ | ဆွေးနွေးတင်ပြချက်များ | ၂ |
| ၅။ | ရှင်းလင်းဆွေးနွေးချက်များ | ၃ |
| ၆။ | လမ်းညွှန်မှာကြားချက်များ | ၃-၇ |
| ၇။ | MSME ထုတ်ကုန်များအားခင်းကျင်းပြသမှုအခြေအနေ | ၇-၈ |
| ၈။ | နိဂုံး | ၈ |
| ၉။ | နောက်ဆက်တွဲများ | |
| | - နိုင်ငံတော်ဝန်ကြီးချုပ်နှင့် MSME လုပ်ငန်းရှင်များ တွေ့ဆုံပွဲ၏အခမ်းအနားအစီအစဉ် | နောက်ဆက်တွဲ (က) |
| | - အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းရှင်များ၏ဆွေးနွေးတင်ပြချက်များ | နောက်ဆက်တွဲ (ခ) |
| | - လုပ်ငန်းရှင်များ၏ ဆွေးနွေးမေးမြန်းချက်အပေါ် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများမှ ပြန်လည် ရှင်းလင်းဆွေးနွေးချက်များ | နောက်ဆက်တွဲ (ဂ) |
| | - တွေ့ဆုံဆွေးနွေးပွဲ ၊ ဒေသထုတ်ကုန်ပစ္စည်းများခင်းကျင်း ပြသထားမှု နှင့် လှည့်လည်အားပေးကြည့်ရှုခြင်း မှတ်တမ်းဓာတ်ပုံများ | နောက်ဆက်တွဲ(ဃ) |

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်
မကွေးတိုင်းဒေသကြီးအတွင်းရှိ **MSME** လုပ်ငန်းရှင်များတွေ့ဆုံပွဲ
ကျင်းပဆောင်ရွက်မှုအခြေအနေတင်ပြချက်အစီရင်ခံစာ

## နိဒါန်း

၁။ မကွေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် MSME လုပ်ငန်းရှင်များ တွေ့ဆုံပွဲ ကျင်းပဆောင်ရွက်ခဲ့မှုအခြေအနေနှင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန် မှာကြား ချက်များ၊ MSME လုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် ရှင်းလင်းဆွေးနွေး ချက်များ ၊ ဒေသထွက် MSME ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသခဲ့မှု အခြေအနေအား အစီရင်ခံတင်ပြခြင်းဖြစ်ပါသည်။

## ရည်ရွယ်ချက်

၂။ မကွေးတိုင်းဒေသကြီးအတွင်းရှိ MSME များ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လုပ်ငန်းရှင်များ၏ အခက်အခဲများ ၊ လိုအပ်ချက်များကို နိုင်ငံတော် မှ ပံ့ပိုးကူညီ ဆောင်ရွက် ပေးခြင်းဖြင့် လုပ်ငန်းများအဆင်ပြေချောမွေ့စွာ ဆောင်ရွက်လာနိုင်ပြီး အလုပ်အကိုင် အခွင့် အလမ်း နှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုတက်မှုများ ရရှိလာစေရန်ရည်ရွယ်ပါသည်။

## အခမ်းအနားအစီအစဉ်နှင့်တက်ရောက်မှုအခြေအနေ

၃။ ၂၀၂၂ခုနှစ် ၊ နိုဝင်ဘာလ(၂၈)ရက် နံနက်(၀၈:၃၀)နာရီအချိန်တွင်မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မြို့တော်ခန်းမ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနား နှင့် ဒေသထွက် MSME ထုတ်ကုန်ပြပွဲ ကို ကျင်းပပြုလုပ်ခဲ့ပါသည်။

၄။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲနှင့် ဒေသထုတ်ကုန်ပြပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒေါက်တာကံဇော်၊ ဦးဝင်းရှိန်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း နှင့် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ ကာကွယ်ရေး

ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ(၁၀၀)ဦး၊ ကုန်သည်စက်မှုအသင်း နှင့် MSME လုပ်ငန်းရှင်များ (၁၂၀)ဦး ၊ စုစုပေါင်း(၂၂၀)ဦးခန့် တက်ရောက်ခဲ့ကြပြီး မကွေးတိုင်းဒေသကြီးအတွင်းရှိ ဒေသထွက်ကုန်ပစ္စည်းပြခန်း (၃၁)ခန်း အား ခင်းကျင်း ပြသခဲ့ပါသည်။

၅။ အခမ်းအနားကို အစီအစဉ်(၇)ရပ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး ပထမဦးစွာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုအခြေအနေ၊ တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ၏ အခြေအနေနှင့် မကွေးမြို့ အသေးစားစက်မှုဇုန် ဖော်ဆောင်ရန်ဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြခဲ့ပါသည်။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းရှင်များအနက် လုပ်ငန်းရှင်(၁၂)ဦးတို့ မှ လုပ်ငန်းလိုအပ်ချက်များကို အသီးသီးတင်ပြခဲ့ကြပြီးနောက် အဆိုပါဆွေးနွေးတင်ပြချက်များအပေါ် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ နိုင်ငံတော်ဝန်ကြီးချုပ် က ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးခဲ့ပြီး MSME ဖွံ့ဖြိုးတိုးတက်ရေး နှင့် ဒေသဖွံ့ဖြိုးရေး ဆိုင်ရာဆောင်ရွက်ရမည့်အချက်များ လမ်းညွှန်မှာကြားခဲ့ပါသည်။ အခမ်းအနားအစီအစဉ် အား **နောက်ဆက်တွဲ(က)** ဖြင့် တင်ပြအပ်ပါသည်။

## ဆွေးနွေးတင်ပြချက်များ

၆။ တွေ့ဆုံဆွေးနွေးပွဲတွင် တက်ရောက်လာကြသော လုပ်ငန်းရှင်များအနက်မှ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင် (၁၂)ဦးမှ ၎င်းတို့၏ လုပ်ငန်းအခြေအနေများနှင့် လက်ရှိ၎င်းတို့ရင်ဆိုင်တွေ့ကြုံနေရသော အခက်အခဲများဖြစ်သည့် မတည်ရင်းနှီးငွေ လိုအပ်ချက်များ၊ နည်းပညာလိုအပ်ချက်များ၊ လျှပ်စစ်ဓာတ်အား၊ ပြည်ပမှကုန်ကြမ်းတင်သွင်းမှုများအား အခွန်လျှော့ပေါ့စေရေး၊ ပြည်ပမှ စားအုန်းဆီ တင်သွင်းမှုလျှော့ချနိုင်ရေး၊ စက်မှုဇုန် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရေး၊ စိုက်ပျိုးသီးနှံများ အထွက်နှုန်းကောင်းပြီး ဈေးကွက်မြင့်တင်နိုင်ရေးနှင့် နည်းပညာပံ့ပိုးပေးနိုင်ရေး၊ မြေယာကိစ္စ စသည့်တင်ပြချက် (၁၈)ချက် အား ဆွေးနွေးတင်ပြခဲ့ကြပါသည်။ ဆွေးနွေးတင်ပြချက်များကို **နောက်ဆက်တွဲ(ခ)** ဖြင့် တင်ပြအပ်ပါသည်။

**ရှင်းလင်းဆွေးနွေးချက်များ**

၇။ လုပ်ငန်းရှင်များ၏ ဆွေးနွေးမေးမြန်းချက်အပေါ် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများမှ ၎င်းတို့၏ ဝန်ကြီးဌာနအလိုက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီး၌ စီးပွားရေး ကျဆင်းခဲ့ရမှု၊ ကိုဗစ်-၁၉ အပါအဝင် နိုင်ငံရေးအကြပ်အတည်းများကြားမှ နိုင်ငံ့စီးပွားရေးကို မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ ကိုဗစ်-၁၉ ချေးငွေများထုတ်ချေးပေးထားမှု၊ အသေးစား၊ အငယ်စား နှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားစေရေး၊ ဝင်ငွေ တိုးပွားစေရေးတို့အတွက် သမဝါယမအသင်းအဖွဲ့များစုဖွဲ့၍ လိုအပ်သည့် စက်ကိရိယာများ၊ အရင်းအနှီးများ မတည်ဆောင်ရွက်ပေးလျက်ရှိမှု ၊ MSMEလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လိုအပ်သည်များ၊ ကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ များကိုဆွေးနွေးပြောကြားခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ MSMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည်များ ဆောင်ရွက်ပေးသွားမည့် အခြေအနေ များနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ပါသည်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဆွေးနွေးချက်များကို **နောက်ဆက်တွဲ(ဂ)** ဖြင့် တင်ပြအပ်ပါသည်။

**လမ်းညွှန်မှာကြားချက်များ**

၈။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် က MSME ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ လမ်းညွှန်မှာကြားရာတွင် မိမိအနေဖြင့် ယခုနှစ်အတွင်း မကွေးတိုင်းဒေသကြီးသို့ ဒုတိယအကြိမ်ရောက်ရှိခြင်းဖြစ်ပြီး ယခင်ကထက် သိသိသာသာ တိုးတက်မှုရှိလာသည်ကို အားရဖွယ်တွေ့မြင်ရကြောင်း၊ ယနေ့တွေ့ဆုံပွဲတွင် တင်ပြချက်များအရ MSME လုပ်ငန်းများတိုးတက်မှုရှိစေရန်၊ ဒေသဖွံ့ဖြိုးတိုးတက်စေရန် ဆွေးနွေး တင်ပြကြ သည်ကို တွေ့ရှိရကြောင်း၊ လုပ်ငန်းများ အောင်မြင်စေရေးအတွက် အခြေအနေကောင်းကို ဖန်တီးရန်နှင့် မိမိတို့ကိုယ်တိုင် ကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ကောင်းမွန်တိုးတက်မှသာလျှင် စီးပွားရေးလုပ်ငန်းများ ကောင်းမွန်လာမည် ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်

ရာတွင် သယံဇာတပစ္စည်းများမှ ထုတ်လုပ်ခြင်းနှင့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များမှ ထုတ်လုပ်ခြင်းဟူ၍ရှိကြောင်း၊ ကုန်ဈေးနှုန်း မြင့်တက်ရခြင်းသည် ကုန်ထုတ်လုပ်မှုနှင့် စားသောက်မှု မမျှတခြင်းနှင့် ထုတ်လုပ်မှု ကုန်ကျစရိတ်များ ကြီးမြင့်ခြင်း တို့ကြောင့် ဖြစ်ကြောင်း၊ ထို့ကြောင့် စားသုံးမှုနှင့် ထုတ်လုပ်မှုကို မျှတအောင် ဆောင်ရွက်ကြရန် လိုကြောင်း မှာကြားခဲ့ပါသည်။

၉။ ဆက်လက်၍ မိမိတို့နိုင်ငံရှိ ကျေးလက်နေပြည်သူများသည် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အဓိကထား ဆောင်ရွက်ကြကြောင်း၊ မြို့ပြ၌ နေထိုင်ကြသူများအနေ ဖြင့်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထွက်ကုန်များဖြင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်ကြသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းသည် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် အဓိကကျကြောင်း၊ ယင်းလုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းသည် အခြေခံကျသည့် ကျေးလက်စီးပွားရေးကို မြှင့်တင်ခြင်းပင် ဖြစ်ကြောင်း၊ ကျေးလက်စီးပွားရေး တိုးတက်လာပါက ဝယ်လိုအားတက်လာပြီး လူမှုစီးပွား ဘဝတိုးတက်လာမည် ဖြစ်ကြောင်း၊ သို့ဖြစ်၍ စနစ်ကျသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို စိတ်ဝင်စားမှု နည်းပါးကြကြောင်း၊ ယခင်က ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်ခြင်း မရှိခဲ့သောကြောင့် ကုန်သွယ်မှုလိုငွေများဖြစ်ပေါ်ခဲ့ပြီး နိုင်ငံ့စီးပွားရေးကျဆင်းခဲ့ ကြောင်း၊ ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်မှသာ နိုင်ငံ့စီးပွားရေး တိုးတက်လာမည်ဖြစ်သဖြင့် မိမိတို့တာဝန်ယူချိန်ကာလမှ စတင်၍ ပြည်တွင်းကုန် ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့ကြောင်း၊ ကိုဗစ်-၁၉ရောဂါ ဖြစ်ပွားမှု နှင့် နိုင်ငံရေး ပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် ထိုက်သင့်သလောက် တိုးတက်မှု မရှိခဲ့ကြောင်း၊ ထို့ပြင် ကမ္ဘာ့နိုင်ငံရေးအခြေအနေများကြောင့် လည်း စက်သုံးဆီဈေးနှုန်းများ မြင့်တက်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခက်အခဲ အမျိုးမျိုးကြားမှ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါ ထိုက်သင့်သလောက် တိုးတက် လာပြီ ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်မှစသည့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်ချိန် တွင် မိမိတို့အနေဖြင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အခက်အခဲအမျိုးမျိုးကြားမှ ကျော်လွှား နိုင်ခဲ့ကြောင်း၊ အလားတူ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၏ သွေးထိုး လှုံ့ဆော်မှုများကြောင့် ဆူပူအကြမ်း ဖက်မှုများလည်း ဖြစ်ပေါ်ခဲ့ပြီး မိမိတို့အနေဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ရ ကြောင်း၊

ထိုကဲ့သို့သော အခက်အခဲများဖြစ်ပေါ်ခဲ့သည့်ကြားမှ မကွေးတိုင်းဒေသကြီးသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်းဆောင်ရွက်မည်ဆိုပါက စီးပွားရေးလုပ်ငန်းများ ယခုထက် ပိုမိုတိုးတက်အောင်မြင်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်မှု ပိုမိုရရှိလာမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

၁၀။ MSMEs လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်ကောင်းများ လိုအပ်ကြောင်း၊ MSMEs လုပ်ငန်းတွင် ထုတ်လုပ်မှု ကဏ္ဍ၊ ရောင်းဝယ်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍဟူ၍ရှိကြောင်း၊ ဒေသတွင်း စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အဓိကထားထုတ်လုပ်သည့် ထုတ်ကုန်များ ထုတ်လုပ်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်မှသာလျှင် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်ကာ ဒေသဖွံ့ဖြိုးမှုကို ပိုမိုအထောက်အပံ့ ပေးနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝလည်း မြင့်တက်လာမည်ဖြစ်ကြောင်း၊ ကျေးလက် စီးပွားရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်ခြင်းသည် ပိုမိုအကျိုးဖြစ်ထွန်းစေကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးဝန်ကြီးချုပ်မှ ဦးဆောင်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးကို ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့ပါသည်။

၁၁။ ဆက်လက်၍ ထုတ်ကုန်များထုတ်လုပ်ရာတွင် ပြည်တွင်းလိုအပ်ချက်များဖြစ်သည့် လူသုံးကုန်ပစ္စည်းများကို လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံခြားငွေ သုံးစွဲမှု ကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံအတွက်လိုအပ်လျက်ရှိသည့် အခြေခံလူသုံးကုန် ပစ္စည်းများကို ပြည်ပမှတင်သွင်းရသူ (Importer) အဆင့်မှ ပြည်တွင်းလိုအပ်ချက် ဖူလုံပြည့်မီအောင် ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်သူ (Exporter) အဆင့်အထိ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံ့စီးပွားရေးကို ဆောင်ရွက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားအားလုံးက အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်ကြရန် လိုကြောင်း၊ မိမိတို့နိုင်ငံတွင် သစ်ပင်၊ သစ်တောနှင့် ဝါးသယံဇာတများစွာရှိကြောင်း၊ ဝါးကို အခြေခံသည့် စက္ကူပျော့ဖတ်များ ထုတ်လုပ်၍ ပြည်တွင်းစက္ကူ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ အလားတူ သစ်အချောထည် ပစ္စည်းများကိုလည်း ထုတ်လုပ်နိုင်ကြောင်း၊ သစ်တောထွက်ပစ္စည်းများကို အသုံးပြု၍ ပြည်တွင်းသုံးကုန်များကို အစားထိုးနိုင်သကဲ့သို့ ပြည်ပသို့လည်း တင်ပို့နိုင်ကြောင်း၊ သစ်တောထွက် သယံဇာတများကို ထုတ်ယူသုံးစွဲပြီးပါက ပြန်လည် အစားထိုး

စိုက်ပျိုးခြင်း နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားခဲ့ပါသည်။

၁၂။ ဆက်လက်၍ ပြည်တွင်းစားသုံးဆီလိုအပ်မှုနှင့်ပတ်သက်၍ မကွေးတိုင်းဒေသကြီး သည် မိမိတို့နိုင်ငံ၏ ဆီအိုးကြီးဖြစ်သော်လည်း နိုင်ငံတော်မှ သတ်မှတ်ထားသည့် ပန်းတိုင် ရည်မှန်းချက် ပြည့်မီမှုမရှိသည်ကို တွေ့ရှိရကြောင်း၊ ပြည်တွင်း လိုအပ်ချက်ကို ဖြည့်ဆည်း ပေးနိုင်သည့် တိုင်းဒေသကြီးတစ်ခုဖြစ်သည်အထိ ကြိုးပမ်းဆောင်ရွက်ကြ စေလိုကြောင်း၊ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ စိုက်ပျိုးမှုများအထွက်နှုန်း တိုးတက်စေရေး အတွက်လည်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အလားတူ ဝါစိုက်ပျိုးသည့် ဒေသ တစ်ခုဖြစ်သည့်အတွက်လည်း ဝါစိုက်ပျိုးမှု လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက် ကြရန်လိုကြောင်း၊ ဝါစိုက်ပျိုးမှုလုပ်ငန်းများမှ မိမိတို့နိုင်ငံတွင်အကောင်းဆုံးသောချည်ထည် ပစ္စည်းများ ထုတ်လုပ်နိုင်သည့် တိုင်းဒေသကြီး တစ်ခုဖြစ်အောင် ကြိုးပမ်း ဆောင်ရွက် ကြစေ လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရန် အတွက် မျိုးကောင်း မျိုးသန့်များ ရရှိရန်၊ မြေကောင်းမွန်ရန်၊ စိုက်ပျိုးရေလုံလောက်စွာ ရရှိရန်နှင့် စိုက်ပျိုးနည်းစနစ်များ မှန်ကန်ရန် တာဝန်ရှိသူများက ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးသွားရန်လိုအပ်ကြောင်း မှာကြားခဲ့ပါသည်။

၁၃။ ဆက်လက်၍ မကွေးတိုင်းဒေသကြီးအတွင်း အထင်ကရနေရာများနှင့် တန်ခိုးကြီး စေတီပုထိုးများစွာရှိသဖြင့် တစ်နိုင်ငံလုံးမှ ဘုရားဖူးများ လာရောက်ကြကြောင်း၊ မိမိတို့ ဒေသသို့ လာရောက်သူများ စိတ်ချမ်းမြေ့မှုရှိစေရေး မြို့ရွာများ သန့်ရှင်းသာယာလှပစေရန် အားလုံးကဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ သို့မှသာ ခရီးသွားများလာရောက်မှု ပိုမို များပြားပြီး ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ကိုများစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ဒေသတွင်းတည်ရှိသည့်ဘုရား၊ ကျောင်းကန်များအား အများပြည်သူများ လာရောက်ဖူးမျှော် ကြည်ညိုချိန်တွင် စိတ်ကြည်နူးချမ်းမြေ့စွာဖြင့် ဖူးမြော်နိုင်ရန်အတွက် ပြုပြင်ထိန်းသိမ်းခြင်း နှင့် သန့်ရှင်းသာယာစေရေးအတွက်လည်း ဆောင်ရွက်ကြစေလိုကြောင်း ၊ MSME လုပ်ငန်း များတွင် ဝန်ဆောင်မှုလုပ်ငန်းသည်လည်း ပါဝင်သဖြင့် ခရီးသွားလုပ်ငန်းဝန်ဆောင်မှုကို လည်း အားပေးဆောင်ရွက်ရန်လိုကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် ထိုက်သင့်သည့်အတိုးနှုန်းများဖြင့် ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း၊ နိုင်ငံတော်ချေးငွေများ ရှိသကဲ့သို့ ပုဂ္ဂလိကချေးငွေများလည်းရှိပြီး အဆိုပါ ချေးငွေများကို လည်း သတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်ရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့်

ချေးငွေများထပ်မံထုတ်ချေးပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း လမ်းညွှန် မှာကြားခဲ့ပါသည်။

၁၄။ ဆက်လက်၍ မကွေးတိုင်းဒေသကြီးအတွင်း ရေနံထုတ်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါရေနံထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ စည်းစနစ် တကျဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အားလုံလောက်စွာ ရရှိရေး အတွက် နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ လျှပ်စစ်ဓာတ်အားသုံးစွဲမှု ကိုလည်း တတ်နိုင်သမျှ ချွေတာသုံးစွဲကြစေလိုကြောင်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ကြစေလိုကြောင်း၊ ယခင်ကဆောင်ရွက်ခဲ့သည့် လျှပ်စစ် ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းများ အကြောင်းအမျိုးမျိုးဖြင့် ရပ်တန့်ခဲ့ရသည့်အတွက် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကဏ္ဍများ နှောင့်နှေးခဲ့ရကြောင်း ပြောကြားခဲ့ ပါသည်။

၁၅။ ဆက်လက်၍ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ပြီး ပညာတတ်မြောက်မှု အပေါ် မူတည်၍ လူတစ်ဦးချင်း၏ ဘဝရပ်တည်မှုများလည်း ကွာခြားသွားမည်ဖြစ် ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် လူသားအရင်း အမြစ်များရရှိရေး ဒေသတွင်းပညာတတ်များ ပေါ်များကြွယ်ဝရန်လိုသဖြင့် ပညာရေး အားပေးဆောင်ရွက် လျက်ရှိကြောင်း၊ မကွေးတိုင်းဒေသကြီးတွင် တက္ကသိုလ်နှင့် ကောလိပ်များ များစွာရှိကြောင်း၊ ပညာရေးကို အားပေးဆောင်ရွက်ခြင်းသည် မိမိတို့ဘဝကို မြှင့်တင်ဆောင်ရွက်ခြင်းပင် ဖြစ်ကြောင်း၊ အလားတူ ဗဟုသုတ အသိအမြင်များ တိုးပွားစေရေးအတွက် စာပေများ ကို လည်း အမြဲမပြတ်ဖတ်ရှုနေရန်လိုကြောင်း၊ စာတွေ့နှင့်လက်တွေ့ကို ပေါင်းစပ်ဆောင်ရွက် မည်ဆိုပါက တစ်ဦးချင်း၏ အကျိုးစီးပွားကို တိုးတက်စေမည်ဖြစ်ကြောင်း၊ တစ်ဦးချင်း တိုးတက်မှုမှ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ နိုင်ငံတော်အဆင့်အထိ တိုးတက်အောင်ကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း တိုက်တွန်းဆွေးနွေးပြောကြားခဲ့ပါသည်။

**MSME ထုတ်ကုန်များအားခင်းကျင်းပြသမှုအခြေအနေ**

၁၆။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တွေ့ဆုံဆွေးနွေး ပွဲ အခမ်းအနားအစီအစဉ် နေ့လယ် (၁၃:၀၀) နာရီအချိန်တွင် ပြီးမြောက်ခဲ့ပြီး MSME လုပ်ငန်းရှင်များ၏ဒေသထုတ်ကုန်များခင်းကျင်းပြသထားရှိမှုကိုလှည့်လည်ကြည့်ရှုအားပေးခဲ့

ပါသည်။ မကွေးတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းရှင်များ၏ ဒေသထုတ် စားသောက်ကုန်လုပ်ငန်းများဖြစ်သည့် ဆန်၊ ဆီ၊ ပဲယို၊ နှမ်းယို၊ မန်ကျည်းဖျော်ရည်၊ ဆီးဖျော်ရည်၊ ဒိန်ချဉ်၊ ယိုစုံ၊ ပါပလာ၊ ဆိတ်သားခြောက်၊ အာလူးကြော်၊ စပျစ်ဝိုင်၊ ရှမ်းရိုးရာ စားသောက်ကုန်များ၊ ဒန့်သလွန်ပင်မှထုတ်လုပ်သော အစားအသောက်နှင့် ဆေးဝါးထုတ်ကုန်များ၊ နှမ်းလှော်မှုန့်၊ လူသုံးကုန်ပစ္စည်းများဖြစ်သော အထည်လုပ်ငန်း၊ ကြာချည်လုပ်ငန်း၊ ဘက်စုံသုံးဆပ်ပြာဆီလုပ်ငန်း၊ အုန်းသီးခြောက် လက်မှုအနုပညာလုပ်ငန်း၊ တောင်သူအကျိုးပြု သဘာဝ မြေဩဇာလုပ်ငန်း၊ လောင်စာတောင့် လုပ်ငန်း၊ မီးဖိုလုပ်ငန်း၊ ကွမ်းညှပ်၊ ဓားလုပ်ငန်း စသည့် ခင်းကျင်းပြသထားသော ပြခန်း(၃၁)ခန်းအား လှည့်လည်ကြည့်ရှုအားပေး၍ နေ့လယ် (၁၃:၄၅) နာရီ အချိန်တွင် အစီအစဉ်အားလုံး ပြီးဆုံးခဲ့ပါသည်။ ဆွေးနွေးပွဲအခမ်းအနား၊ ဒေသထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုနှင့် လှည့်လည်အားပေးကြည့်ရှုခြင်း မှတ်တမ်းဓာတ်ပုံများအား **နောက်ဆက်တွဲ(ဃ)** ဖြင့် တင်ပြအပ်ပါသည်။

**နိဂုံး**

၁၇။ မကွေးတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ၎င်းတို့လိုအပ်နေသည့် အတိုးနှုန်းသက်သာသော ချေးငွေရရှိစေရေး၊ နည်းပညာရရှိရေး ၊ လျှပ်စစ်ဓာတ်အား၊ ပြည်ပမှ ကုန်ကြမ်းတင်သွင်းမှုများအား အခွန်လျှော့ပေါ့စေရေး၊ ပြည်ပမှစားအုန်းဆီတင်သွင်းမှုလျှော့ချနိုင်ရေး ဆောင်ရွက်နိုင်ရန် နှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန်အတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၂၈) ရက်နေ့ (၀၈ : ၃၀) နာရီအချိန်၊ မကွေးမြို့ မြို့တော်ခန်းမတွင် ကျင်းပပြုလုပ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စား နှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲအခမ်းအနားအစီအစဉ်**

**အစီအစဉ်(၁)။** အခမ်းအနားစတင်ကြောင်းကြေညာခြင်း။

**အစီအစဉ်(၂)။** မကွေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုအခြေအနေ တင်ပြခြင်း။

**အစီအစဉ်(၃)။** တက်ရောက်လာသည့် MSME လုပ်ငန်းရှင်များမှ တင်ပြခြင်း။

(က) မကွေးတိုင်းဒေသကြီး ကုန်သည်ကြီးများနှင့် ဆီစက်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ **ဦးဖိုးနီ**က ဆွေးနွေးတင်ပြခြင်း။

(ခ) မခါနှင့် ညီမများ သဘာဝဆိုးဆေး ရက်ကန်းလုပ်ငန်းမှ **ဒေါ်တင်ဌေး** က ဆွေးနွေးတင်ပြခြင်း။

(ဂ) Jumjel သဘာဝ စလေ ဇီးနှင့် မန်ကျည်းအနှစ်ဖျော်ရည်လုပ်ငန်းမှ **ဒေါ်သက်စုဌေး** က ဆွေးနွေးတင်ပြခြင်း။

(ဃ) ကောင်းသန့်ဆီစက်လုပ်ငန်းမှ **ဦးဝင်းထွန်း**က ဆွေးနွေးတင်ပြခြင်း။

(င) ရွှေတိမ်လွှာသောက်ရေသန့်နှင့်ဆီစက်လုပ်ငန်းမှ**ဦးမောင်မောင်လွင်** က ဆွေးနွေးတင်ပြခြင်း။

**အစီအစဉ်(၄)။** အထွေထွေ ဆွေးနွေးခြင်း။

**အစီအစဉ်(၅)။** တင်ပြဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် တို့မှ ပြန်လည်ဆွေးနွေးတင်ပြခြင်း။

**အစီအစဉ်(၆)။** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ၊နိုင်ငံတော်ဝန်ကြီးချုပ် **ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်** က အမှာစကားပြောကြားခြင်း။

**အစီအစဉ်(၇)။** အခမ်းအနားပြီးမြောက်ကြောင်းကြေညာခြင်း။

နောက်ဆက်တွဲ (ခ)

**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များ**

**ဦးဖိုးနီ(မကွေးတိုင်းဒေသကြီး ကုန်သည်ကြီးများနှင့် ဆီစက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ)**

၁။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီးကုန်သည်ကြီးများနှင့် ဆီစက်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးဖိုးနီ ဖြစ်ပါတယ်။ “မဟူရာစွမ်းအား” နှမ်းလှော်မှုန့်လုပ်ငန်းကို လုပ်ကိုင်နေတဲ့ လုပ်ငန်းရှင် တစ်ယောက်လည်း ဖြစ်ပါတယ်။ ကျွန်တော် အလုပ်လုပ်ကိုင်ခဲ့တဲ့ (၂၅) နှစ်၊ နှစ်(၃၀) အတွင်း ဖြတ်သန်းလာခဲ့တဲ့ အတွေ့အကြုံတွေအရ တင်ပြမှာဖြစ်ပါတယ်။

၂။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာစိုက်ပျိုးရေး နိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့မကွေးတိုင်းဒေသကြီးအနေဖြင့် အဓိကစိုက်ပျိုးတာကတော့ ဆီထွက်သီးနှံများဖြစ်ပြီး မြေပဲနှင့် နှမ်းကို အဓိက စိုက်ပျိုးပါတယ်။ တောင်သူများ၏ စီးပွားရေးတိုးတက်ကောင်းမွန်လာဖို့အတွက် ဆီထွက်သီးနှံများ၏ ဈေးကွက်ကောင်းမွန်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ နိုင်ငံတော်အနေဖြင့် ယခင်က တစ်လကို စားအုန်းဆီ တန်ချိန် ၈၀၀၀၀ ကိုပြည်ပမှ တင်သွင်းခဲ့ရာမှ ယခုဆိုလျှင် ၅၀၀၀၀ အထိ လျှော့ချတင်သွင်းခဲ့တဲ့ အတွက်ကြောင့် ပြည်တွင်းစားသုံးဆီ ရောင်းဝယ်ဖောက်ကားမှု တိုးတက်လာပြီး ဈေးကွက်လဲ ကောင်းမွန်လာကြောင်း တွေ့ရှိရပါတယ်။ မကွေးတိုင်းဒေသကြီးအတွင်းမှာ ရှိတဲ့ ဆီစက်လုပ်ငန်း ရှင်များနှင့် တောင်သူများ ပူးပေါင်းပြီး တစ်နိုင်ငံလုံး စားသုံးဆီဖူလုံအောင် ကြိုးစား ထုတ်လုပ်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ဘက်မှလည်း မကွေးတိုင်းအတွင်းရှိ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ၏ လူမှုစီးပွားဘဝ တိုးတက်လာစေရန် ရည်မှန်းပြီး ပြည်ပမှ စားအုန်းဆီ တင်သွင်းမှုကိုလည်း တဖြေးဖြေးချင်း လျှော့ချပေးနိုင်ဖို့ တင်ပြလိုပါတယ်။

၃။ စားအုန်းဆီကို ပြည်ပမှ တင်သွင်းမှုလျှော့ချတဲ့အတွက် နိုင်ငံခြားငွေသုံးစွဲရမှု လျော့နည်းလာ ပါမယ်။ ပြည်သူများ၏ ကျန်းမာရေးမှာလည်း စားအုန်းဆီ စားသုံးမှု လျော့နည်းခြင်းကြောင့် တိုးတက်ကောင်းမွန်လာမှာဖြစ်ပါတယ်။ တောင်သူများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုရရှိလာမှာ ဖြစ်ပြီး ဆီထွက်သီးနှံစိုက်ပျိုးသူ တောင်သူများလည်း များပြားလာမှာ ဖြစ်ပါတယ်။ ပြည်တွင်းစားသုံးဆီထွက်ရှိမှု တိုးတက်လာတာနဲ့အမျှ ပြည်သူတွေလည်း စားသုံးဆီသန့်သန့် စားရရုံ သာမက တိရစ္ဆာန်အစာလဲ ပေါများလာမှာဖြစ်ပါတယ်။

၄။ စီးပွားရေးတွက်ခြေကိုက်မှုမရှိလို့ ဆီထွက်သီးနှံစိုက်ပျိုးတောင်သူရော ဆီစက် လုပ်ငန်းရှင် များပါ လုပ်ကိုင်နိုင်မှုမရှိပါက တိရစ္ဆာန်အစားအစာထုတ်လုပ်မှု လျော့နည်းပြီး မွေးမြူရေးလုပ်ငန်း တွေလည်း နည်းပါးလာမှာဖြစ်ပါတယ်။မွေးမြူရေးလုပ်ငန်းတွေ လျော့ နည်းလာပါက ပြည်သူတွေ သားငါး စားသုံးနိုင်မှုတွေလည်း ကျဆင်းလာမှာ ဖြစ်ပါတယ်။

၅။ နိုင်ငံတော်အနေနဲ့ ပြည်ပမှ စားအုန်းဆီတင်သွင်းမှုကို ကန့်သတ်ပြီး လျှော့ချ တင် သွင်းမှုကို ထောက်ခံပါကြောင်းနှင့် ကျေးဇူးတင်ရှိပါကြောင်း တင်ပြရင်း နိဂုံးချုပ် အပ်ပါ တယ်ခင်ဗျာ။

**ဒေါ်သက်စုဌေး (Jumjel သဘာဝ စလေ ဇီးနှင့် မန်ကျည်းအနှစ်ဖျော်ရည်လုပ်ငန်း)**

၁။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး စလေမြို့မှ Jumjel သဘာဝ စလေဇီးနှင့် မန်ကျည်း အနှစ်ဖျော်ရည်လုပ်ငန်း လုပ်ကိုင်တဲ့ ဒေါ်သက်စုဌေး ဖြစ်ပါတယ်ရှင့်။

၂။ ကျွန်မတို့မိသားစုဟာ ၁၉၉၅ ခုနှစ်မှာ ဇီး၊ မန်ကျည်းဖျော်ရည်၊ ပဲကြော်၊ ပုန်းရည်ကြီး လုပ်ငန်းများကို အိမ်တွင်းမှုလုပ်ငန်းအဖြစ် စတင်လုပ်ကိုင်ခဲ့ပါတယ်။ အခုအခါမှာတော့ စက်ရုံအဆင့် ထိ တိုးချဲ့လုပ်ကိုင်နိုင်လာခဲ့ပြီး ကျွန်မတို့ရဲ့ ထုတ်ကုန်တွေကို တစ်နိုင်ငံလုံး သာမက ထိုင်းနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့အထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီ ဖြစ်ပါတယ်ရှင့်။

၃။ ကျွန်မအနေနဲ့တင်ပြချင်တာကတော့ မြန်မာနိုင်ငံ MSMEs လုပ်ငန်းရှင်များဟာ နိုင်ငံတကာ က MSMEs လုပ်ငန်းရှင်များနဲ့ နှိုင်းယှဉ်ရင် ထုတ်ကုန်ရောင်းချတဲ့ဈေးကွက် ရရှိမှု ပြည်တွင်းရော ပြည်ပမှာပါ နည်းနေပါတယ်ရှင်။ ပြည်တွင်းဈေးကွက်မှာဆိုရင်လည်း ပြည်တွင်း MSMEs ထုတ်ကုန် များဟာ ဈေးနှုန်းအရ သွင်းကုန်နဲ့ယှဉ်ရင် တူရင်တူ၊ ပိုမြင့်ရင်မြင့် ဖြစ်နေတဲ့အတွက် ဈေးကွက်ဝေစု ရရှိမှုဟာ နည်းနေပါတယ်ရှင့်။ ပြည်တွင်း MSMEs လုပ်ငန်းရှင်များ ရေရှည်ရပ်တည် နိုင်ဖို့ MSMEs တွေ ထုတ်လုပ်နိုင်တဲ့ ထုတ်ကုန်အတွက် ကုန်ကြမ်းတင်သွင်းရင် အခွန်လျော့ပေါ့ ပေးစေလိုပါတယ်။ ပြည်တွင်းက လုပ်ငန်းရှင်တွေ ထုတ်နိုင်တဲ့ကုန်ချောများကို နိုင်ငံခြားမှ တင်သွင်းရင် အခွန်တိုးမြှင့် ကောက်ခံပေးစေလိုပါတယ်ရှင့်။ ဒီလိုနိုင်ငံတကာစနစ်မျိုး ဆောင်ရွက်ပေးနိုင်မှ သာလျှင် ကျွန်မတို့ MSME လုပ်ငန်းရှင်တွေအနေနဲ့ ပြည်တွင်းဈေးကွက်သာမက နိုင်ငံတကာ ဈေးကွက် သို့ ထိုးဖောက် နိုင်မည် ဖြစ်ပါကြောင်း တင်ပြလိုပါတယ်ရှင့်။

၄။ ဒုတိယအနေနဲ့ ကျွန်မတို့ဟာ အိမ်တွင်းမှုလုပ်ငန်းများကနေ ပိုကောင်းတဲ့ ထုတ်ကုန်ကို ဦးတည်ပြီး စက်မှုလုပ်ငန်းများအဖြစ် တိုးတက်ပြောင်းလဲ လုပ်ကိုင်

လာနိုင်ခဲ့ကြပါတယ်။ ဒီလို ပြောင်းလဲတိုး တက်လုပ်ကိုင်လာနိုင်တဲ့အတွက် Supply Chain တစ်ခုလုံးမှာ ပါဝင်သူအားလုံး သာမက စားသုံးသူတွေပါ ပိုမိုကောင်းမွန်တဲ့ အကျိုးကျေးဇူးကို ခံစားရရှိကြပါတယ်။ စက်မှုလုပ်ငန်း ဖြစ်တဲ့ အတွက်တော့ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကတော့ ရှိပါတယ်ရှင့်။ လျှပ်စစ်ဓာတ်အား မရရှိချိန်မှာ စားသောက်ကုန်လုပ်ငန်းတွေဟာ ထုတ်လုပ်မှုရပ်မရတော့ ဒီဇယ် Generator တွေသုံး ပြီး ထုတ်ကြရပါတယ်။ လုပ်ငန်းရှင်များဟာလည်း ထုတ်လုပ်မှုစရိတ်ပိုမိုကုန်ကျမှုရှိနေတဲ့အတွက် ထုတ်ကုန်ဈေးနှုန်းဟာလည်း ကြီးမြင့်လာရပြီး စားသောက်ကုန်ဖြစ်လို့ မဖြစ်မနေ ဝယ်ယူစားသုံးကြရတဲ့ အခြေခံလူတန်းစားများအပေါ်လည်း သက်ရောက်မှုဖြစ်ပေါ်စေပါတယ်။ ဒါကြောင့် လျှပ်စစ်ဓာတ်အားပိုမိုအဆင်ပြေစွာရရှိနိုင်ရေ ဆောင်ရွက်ပေးစေလိုကြောင်း တင်ပြအပ်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်ရှင့်။

**ဒေါ်တင်ဌေး (မခါနှင့်ညီမများ သဘာဝဆိုးဆေး ရက်ကန်းလုပ်ငန်း)**

၁။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ကိုင်းငယ်လေးကျေးရွာမှ မခါနှင့်ညီမများ သဘာဝဆိုးဆေးရက်ကန်း လုပ်ငန်း လုပ်ကိုင်တဲ့ ဒေါ်တင်ဌေးဖြစ်ပါတယ်ရှင်။

၂။ ကျွန်မတို့ ကိုင်းငယ်လေးကျေးရွာဟာ မင်းလှမြို့နယ်အတွင်းမှာ တည်ရှိပြီး ပုသိမ်-မုံရွာလမ်း မိုင်တိုင်အမှတ်(၂၀၁)မိုင်မှာတည်ရှိပါတယ်။ မင်းလှမြို့မှ မိုင်(၅၀) ခန့်ကွာဝေးပါတယ်။ မြောက်ဘက် မှာ ငဖဲမြို့နယ်တည်ရှိပြီး တောင်ဘက်မှာ မင်းတုန်း မြို့နယ်တည်ရှိပါတယ်။ ကျွန်မတို့ရွာဟာ ယခင် က မိရိုးဖလာ လက်ရက်ကန်းရက်လုပ်တဲ့ ရွာလေးဖြစ်ပါတယ်။ ဒါပေမယ့် နောက်ပိုင်းမှာ ရက်ကန်းစင်တွေ ပျောက်ပျက်လုနီးပါးဖြစ် လာတဲ့အတွက် မပျောက်ပျက်အောင် ဘယ်လိုကြိုးစားထိန်းသိမ်းမလဲလို့ ရွာဦးကျောင်းဆရာတော်ဦးဆောင်ပြီး ဆွေးနွေးခဲ့ကြပါတယ်။

၃။ ကျွန်မအနေနဲ့ရက်ကန်းလုပ်ငန်းကို ၂၀၁၇ ခုနှစ်တွင် ဆွေးနွေးပွဲများ တက်ရောက်ရင်း ရက်ကန်းလုပ်ငန်းဖြင့် ဝင်ငွေရအောင်လုပ်နိုင်တယ်ဆိုတဲ့ အသိရရှိခဲ့ပြီး ၂၀၁၈ ခုနှစ်မှာ တစ်ရက်လျှင် (၅)ကိုက် ကျသည့် ရက်ကန်းသေးသေးလေးဖြင့် လုပ်ငန်းစတင် လုပ်ကိုင်ခဲ့ပါတယ်။ လုပ်ငန်းစတင် စဉ်ကာလက ချည်ကို ဓာတုဆိုးဆေးဖြင့် ရက်လုပ်ပြီး မင်းလှမြို့နယ်သို့ ပို့ခဲ့ပါတယ်။ ဝယ်ယူသူများမှ သဘာဝဆိုးဆေးဖြင့် သဘာဝအရောင် လေးလုပ်ပေးရန် တောင်းဆိုမှ သဘာဝဆိုတာကိုသိရှိခဲ့ပြီး Online မှ သဘာဝဆိုးဆေးနည်းပညာကို သိရှိပြီး မုဒုံကို သွားရောက်သင်ယူခဲ့ပါတယ်။ ၂၀၁၉ ခုနှစ် မှာ ဝန်ထမ်း(၇) ဦးဖြင့် သဘာဝဆိုးဆေးဖြင့် ရက်လုပ်သည့် လုပ်ငန်းစတင်ခဲ့ပြီး ယခုအချိန်မှာ လုပ်သားအင်အား

(၄၀) ကျော်ခန့်ဖြင့် မိမိရွာ ပတ်ဝန်းကျင်မှ လူများကို အလုပ်အကိုင် ပေးနိုင်နေပြီ ဖြစ်ပါတယ်။

၄။ ကျွန်မတင်ပြချင်တာကတော့ ကျွန်မတို့လက်ရှိအသုံးပြုနေတဲ့ သဘာဝဆိုးဆေး ချည်ထည် ရက်လုပ်တဲ့လုပ်ငန်းကို ကျွန်မတို့မင်းလှမြို့နယ်မှာရှိတဲ့ ကျေးရွာတိုင်းကို One Village One Product အနေနဲ့လုပ်စေချင်ပါတယ်။ အဲဒီလို ရက်ကန်းလုပ်ငန်းလေးတွေကို အားပေးနိုင်ဖို့ အထောက်အပံ့ တွေပေးဖို့လဲ အများကြီးလိုအပ်နေပါတယ်။ ကျွန်မတို့ရွာက လျှပ်စစ်မီးမရရှိသေးပါဘူး။ လျှပ်စစ်မီး မရရှိတဲ့အတွက် စက်ပစ္စည်းနဲ့ လုပ်ကိုင်ရမယ့် အပိုင်းတွေဖြစ်တဲ့ ရေလျှော်ခြင်း၊ ပေါင်းခြင်း၊ ကြိတ်ခြင်း စတဲ့လုပ်ငန်းတွေကို မလုပ်နိုင်ပါဘူး။ ကျွန်မတို့ ရက်ကန်းစင်ကထွက်တဲ့ ပိတ်တွေကို မိတ္ထီလာ၊ ဝမ်းတွင်းသို့ပို့ပြီး ရေလျှော်၊ ပေါင်းကြိတ်ခြင်းတို့ကို လုပ်ကိုင်ရပါတယ်။ ဒါ့ကြောင့် သယ်ယူပို့ဆောင် စရိတ်တွေ တက်လာတဲ့အတွက် ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်မားလျက်ရှိပါတယ်။ ဒါ့ကြောင့် ပထမဆုံး အချက်အနေနဲ့ နိုင်ငံတော်အနေနဲ့ကျွန်မတို့ရွာကို လျှပ်စစ်မီးရအောင် ထောက်ပံ့ပေးစေ လိုပါ တယ်ရှင်။ လျှပ်စစ် မီး ရရှိမယ်ဆိုရင် ကျွန်မတို့ ပိတ်တွေကို ပေါင်းဖို့ ကြိတ်ဖို့အတွက် ဒေသမှာတင် ဆောင်ရွက်နိုင်မှာဖြစ်သလို ထုတ်လုပ်မှုကုန်ကျစရိတ်လဲ ကျဆင်းလာပြီး ဝယ်ယူသူ များ အနေဖြင့် လည်းဈေးနှုန်းချိုသာစွာ သုံးစွဲနိုင်မှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

၅။ ဒုတိယအချက်အနေနဲ့ ကျွန်မတို့လုပ်နေတဲ့ သဘာဝဆိုးဆေးနဲ့ချည်ထည်ရက်လုပ်ခြင်းမှာ နည်းပညာအရ လိုအပ်ချက်တွေအများကြီး ရှိနေပါသေးတယ်ရှင်။ ဒါ့ကြောင့် လိုအပ်တဲ့ နည်းပညာ ပိုင်းကိုလည်းရရှိအောင် ထောက်ပံ့ပေးစေလိုပါကြောင်း တင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဦးဝင်းထွန်း(ကောင်းသန့် ဆီစက်)**

၁။ ကျွန်တော်ကတော့ မကွေးမြို့မှ "ကောင်းသန့်" ဆီစက်လုပ်ငန်းပိုင်ရှင် ဦးဝင်းထွန်း ဖြစ်ပါ တယ် ခင်ဗျာ။

၂။ ကျွန်တော် ဆွေးနွေးတင်ပြချင်တာကတော့ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးမှာ စက်မှု ဇုန်အနေနဲ့ ရေနံချောင်းစက်မှုဇုန် နဲ့ ပခုက္ကူစက်မှုဇုန် နှစ်ခုရှိပါတယ်။ တိုင်းဒေသကြီး မြို့တော်ဖြစ်တဲ့ မကွေးမြို့မှာတော့ စက်မှုဇုန်မရှိသေးပါဘူး။ မကွေးမြို့မှာ အဆင့်မီ စက်မှုဇုန်တစ်ခု ပေါ်ထွန်းလာစေ ချင်ပါတယ်။ ကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဆောင်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ မကွေးမြို့နယ်မကြီးကန်ကျေးရွာအုပ်စု၊ အမှတ် (၅၀၁၃)

တင့်ကားတပ်ရင်းက စွန့်လွှတ်အပ်နှံလာတဲ့ မြေနေရာမှာ အသေးစားစက်မှုဇုန်အကောင်အထည်ဖော်ဖို့ လျာထားထားကြောင်း သိရှိရပါတယ် ခင်ဗျာ။ အဆိုပါ စက်မှုဇုန် အကောင်အထည် ဖော်ပါက မကွေးမြို့နယ် အတွင်းမှာရှိတဲ့ စက်မှုလုပ်ငန်း ရှင်များသာမက မြို့နယ်အနီးတဝိုက်မှာရှိတဲ့ စက်မှုလုပ်ငန်းများပါ တစ်စုတစ်ဝေးတည်း စုစည်း ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် မကွေးမြို့အသေးစား စက်မှုဇုန်ကို နိုင်ငံတော် ဝန်ကြီးချုပ် တာဝန်ယူချိန်မှာ အမြန်ဆုံးအကောင် အထည်ဖော် ဆောင်ရွက်ပေးစေလိုပါကြောင်း တင်ပြအပ်ပါ တယ်ခင်ဗျာ။

၃။ ကျွန်တော်တို့ လုပ်ငန်းရှင်တွေအနေနဲ့ လျှပ်စစ်ဓါတ်အားကို ယခု ၅ နာရီကြား အလှည့်ကျ ရရှိပါတယ်။ ယခုပေးတဲ့ ဓါတ်အားရရှိချိန်ထက် အချိန်ကာလ ပိုမို ရရှိအောင်နဲ့ အချိန်ကိုလည်း တိတိ ကျကျပေးနိုင်ရေး ဆောင်ရွက်ပေးစေလိုပါကြောင်း တင်ပြလိုပါတယ်။ လျှပ်စစ်ဓါတ်အား အချိန်ပိုမို ရရှိပါက စက်မှုလုပ်ငန်းရှင်တွေအနေနဲ့ ကုန်ထုတ်လုပ်မှုပိုမို ထုတ်လုပ်နိုင်ပြီး ထုတ်လုပ်မှု ကုန်ကျစရိတ်လည်း သက်သာလာမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးမောင်မောင်လွင် (“ရွှေတိမ်လွှာ” သောက်ရေသန့်နှင့် ဆီစက်လုပ်ငန်း)**

၁။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမှ “ရွှေတိမ်လွှာ” သောက်ရေသန့်နှင့် ဆီစက်လုပ်ငန်း လုပ်ကိုင်တဲ့ ဦးမောင်မောင်လွင်ဖြစ်ပါတယ်။

၂။ ဆီကြိတ်ရာမှာ ယခင်က မြေပဲ၊ နှမ်း တို့ကို ကြိတ်ခွဲခဲ့ပြီး ယခုအခါနေကြာကို အခွံချွတ်၍ ဆီကြိတ်ရန် ကြိုးပမ်းနေပါတယ်။ နေကြာစေ့မှာ အပေါ်ယံအခွံသည် အဟာရဓါတ်မရှိတဲ့အတွက် အပေါ်ယံအခွံကို ဖယ်ထုတ်ပြီး အတွင်းမှ အဆံများကို ဆီကြိတ်မှာဖြစ်ပါတယ်။ အဆံသီးသန့်ကိုရယူပြီး ဆီကြိတ်ခြင်းဖြင့် နေကြာဆီရဲ့ အရည်အသွေးကလည်း ပိုမိုကောင်းမွန် လာမှာဖြစ်ပါတယ်။ တိရစ္ဆာန် အစာအဖြစ် အသုံးပြုနေတဲ့ နှမ်းဖတ်၊ ပဲဖတ်နှင့် နေကြာဖတ် တို့တွင် နေကြာဖတ်ဟာ ဈေးကောင်း မရပါဘူး။ နှမ်းဖတ်၊ ပဲဖတ်နှင့် ယှဉ်ရင် ဈေးနှုန်း ၂၀၀၀ ကျပ်ခန့် ကွာဟပါတယ်။ နေကြာစေ့ရဲ့ အပေါ်ယံ အခွံကို ဖယ်ထုတ်ပြီး အတွင်းက အဆံကိုသာ ဆီကြိတ်ခဲ့မယ်ဆိုရင် ရလာတဲ့ နေကြာဖတ်ဟာ ကောင်းမွန်လာပြီး နှမ်းဖတ်၊ ပဲဖတ်ကဲ့သို့ ဈေးကောင်း ရမှာဖြစ်ပါတယ်။ နေကြာဆီရဲ့ အရည်အသွေး ပိုမိုကောင်းမွန်ဖို့အတွက် Refiner စက်တပ်ဆင်ပြီး အသုံးပြုဖို့ စီစဉ်လျက်ရှိပါ တယ်ခင်ဗျာ။

၃။ ကျွန်တော့်အနေနဲ့ အချက်(၃) ချက်တင်ပြချင်ပါတယ်ခင်ဗျာ။ ပထမတင်ပြချင်တာကတော့ နေကြာစေ့အခွံချွတ်စက်နှင့် Refiner စက်ကို မိမိအနေနှင့် ဆောင်ရွက်နေသော်လည်း အကောင်အထည် ဖော်ရာ၌ "ပတ်ကျို" သွားသကဲ့သို့ နှေးကွေးနေသည့်အတွက် ခရီးမတွင်ပါသဖြင့် နိုင်ငံတော်အနေနှင့် မတည်ဝယ်ယူပြီး သမဝါယမဦးစီးဌာနကဲ့သို့ ဌာနဆိုင်ရာ တစ်ခုခုက ဦးဆောင်ပြီး နဝလီ ကြိတ်ခွဲအခပေးစနစ်ကဲ့သို့ ဆောင်ရွက်ပေးစေလိုပါတယ်ခင်ဗျာ။ အဲဒီလို နိုင်ငံတော်အနေနဲ့ မတည် ဆောင်ရွက်ပေးပါက ပဲဆံ ဈေးကွက်ရှိသလို နေကြာဆံဈေးကွက်လဲ ရှိလာပြီး အရည်အသွေး ကောင်းမွန်တဲ့ နေကြာဆီကို ပြည်တွင်းမှာ ထုတ်လုပ် လာနိုင်မှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျာ။

၄။ ဒုတိယအနေနဲ့ ကျွန်တော်တို့စိုက်ပျိုးမွေးမြူရေးလုပ်ရာမှာ နွားမွေးမြူရေးနှင့် ပတ်သက်ပြီး တင်ပြချင်ပါတယ်ခင်ဗျာ။ နွားမွေးမြူရေးလုပ်ငန်းကို ကျေးရွာတွေမှာ တပိုင်တနိုင်မွေးချင်လာအောင် နွားဈေးကောင်းဖို့လိုအပ်ပါတယ်။ ယခုအခါမှာ နွားဈေးတွေကျဆင်းလာတာ ဖြစ်တဲ့အတွက် ကျေးလက် တောင်သူတွေအနေနဲ့ ဝင်ငွေကျဆင်းလာပါတယ်။ ကျေးလက်နေ ပြည်သူတွေရဲ့ ဝင်ငွေ တိုးတက် လာစေဖို့ နွားမွေးမြူရေးကို အားပေးဖို့ လိုသလို နွားဈေးကောင်းအောင်လည်း နိုင်ငံခြားသို့ တင်ပို့ရောင်းချခွင့် ပြုမည်ဆိုပါက ကျေးလက်နေပြည်သူများ အဆင်ပြေစီးပွားတိုးတက်လာမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျာ။

၅။ တတိယအနေနဲ့ကတော့ ကျွန်တော်တို့စိုက်ပျိုးလျက်ရှိတဲ့ ကြက်သွန်ဖြူ ကြက်သွန်နီ၊ အာလူး စသည်တို့ထက် နိုင်ငံခြားမှ ဝင်လာတဲ့ ကြက်သွန်ဖြူ ကြက်သွန်နီ၊ အာလူး စသည့် သီးနှံများက ဈေးကွက် ကြီးစိုးလျက်ရှိပါတယ်။ ပြည်တွင်းသီးနှံဈေးကွက် ကျဆင်း လျက်ရှိတဲ့အတွက် တောင်သူများသည် စိုက်ပျိုးစရိတ်နှင့် ထုတ်လုပ်ဈေးကွက်မကိုက်ညီတဲ့အတွက် စိုက်ပျိုးမှုကို လက်လွှတ် လိုက်ရမည့် အခြေအနေနဲ့ တွေ့ကြုံနေရပါတယ်။ နိုင်ငံတော်အနေနဲ့ နိုင်ငံခြားမှသီးနှံများ တင်သွင်း သည့် Import ဈေးကွက်ကို စိစစ်ပေးစေချင်ပါတယ်။ နောက်ပြီး ပြည်တွင်းမှာ မျိုးကောင်းမျိုးသန့် သီးနှံများ စိုက်ပျိုးနိုင်ပါက ပြည်ပဈေးကွက်က ဝင်ရောက်လာတဲ့ သီးနှံတွေရဲ့ အရည်အသွေးကိုလဲ ယှဉ်နိုင်မှာ ဖြစ်ပါတယ်။ ကောင်းမွန်တဲ့သီးနှံမျိုးစိတ်များကို စိုက်ပျိုးရေးဌာနမှ ပံ့ပိုးပေးနိုင်လျှင် တောင်သူတွေရဲ့ ဝင်ငွေတိုးပွားပြီး စီးပွားရေးတိုးတက်လာမှာ ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ် အပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျာ။

**ဒေါ်ရီရီထွန်း (“ဇင်ယော်” ပဲယို၊ နှမ်းယိုလုပ်ငန်း)**

၁။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်မှ “ဇင်ယော်” ပဲယို၊ နှမ်းယို လုပ်ငန်း လုပ်ကိုင်သည့် ဒေါ်ရီရီထွန်း ဖြစ်ပါတယ်။ ကျွန်မ၏ လုပ်ငန်းကို ၁၉၈၈ – ၁၉၈၉ ခုနှစ်မှ စ၍ တနိုင်တပိုင်လုပ်ငန်းအဖြစ် စတင်လုပ်ကိုခဲ့ပါတယ်။

၂။ လုပ်ငန်းစတင်လုပ်ကိုင်ချိန်တွင် ထုပ်ပိုးမှုအား ပလပ်စတစ်ဖြင့် ထုပ်ပိုးရောင်းချခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ပလပ်စတစ်ဗူးခွံဖြင့် ပြောင်းလဲထုပ်ပိုး ရောင်းချခဲ့ပါသည်။ ၎င်းနောက် ၂၀၁၅ ခုနှစ်မှ စ၍ ယခုအချိန်ထိ သံဗူးအဖုံးအပိတ်ဖြင့် ပြောင်းလဲထုပ်ပိုးပြီး တစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးရောင်းချလျှက်ရှိ ပါတယ်။

၃။ ယခုအခါ ဈေးကွက်လိုအပ်ချက်အရ ထုပ်ပိုးမှုစနစ်အား တီထွင်ဆန်းသစ်လိုပါကြောင်း၊ Customer များ၏ တောင်းဆိုမှုလိုအပ်ချက်အရ တကိုက်စာထုပ်ပိုးမှုပုံစံစနစ်သို့ ပြောင်းလဲ ထုပ်ပိုးလို ပါတယ်။ ထုပ်ပိုးမှုစနစ်ပြောင်းလဲလျှင် အောင်မြင်မှုရခဲ့သော မှတ်တမ်းများ ရှိခဲ့ပါသဖြင့် ထုပ်ပိုးမှု Packing စနစ် ပြောင်းလဲဆောင်ရွက်လိုပါသဖြင့် သက်သာသော အတိုးနှုန်းဖြင့် ချေးငွေများ ရယူလိုပါကြောင်း တင်ပြအပ်ပါတယ်ရှင်။

**ဦးမင်းခိုင် ( လျှော်ဖြူစိုက်ပျိုးတောင်သူ)**

၁။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၊ ပန်းတုံးကြီးကျေးရွာမှ လျှော်ဖြူ စိုက်ပျိုးရေးတောင်သူ ဦးမင်းခိုင်ဖြစ်ပါတယ်။

၂။ ကျွန်တော် အနေနဲ့ အော်ဂင်းနစ်လျှော်ဖြူစိုက်ပျိုးရေးလုပ်ငန်းကို ၂၀၁၅ ခုနှစ်မှ စတင်၍ ၈ဧက စိုက်ပျိုးခဲ့ပါတယ်။ ယခုလက်ရှိတွင် ၄ ဧကသာ စိုက်ပျိုးပြီး အပင်ပေါင်း ၅၅၀ ဖြင့် တစ်နေ့လျှင် လျှော်ဖြူစေး ၁၀ ပိဿာကျော် ထွက်ရှိပါတယ်။

၃။ ဈေးကွက်အနေအထားမှာ ကိုဗစ် မတိုင်ခင်က လျှော်ဖြူစေး ၁ပိဿာလျှင် ၂၅၀၀ဝိ/ – ၃၀၀၀ဝိ/ကျပ်ဖြင့် တရုတ်နိုင်ငံမှ ဝယ်ယူပြီး ယခုအခါတွင် လျှော်ဖြူစေး ၁ပိဿာ လျှင် ၅၀၀၀ ကျပ်မှ ၇၀၀၀ ကျပ်အတွင်းသာ ဈေးနှုန်းရရှိပါတော့တယ်။

၄။ ကျွန်တော်တို့ လျှော်ဖြူစိုက်ပျိုးမှု ကုန်ကျစရိတ်မှာ လျှော်ဖြူစေး ၁ ပိဿာလျှင် ၇၀၀၀ – ၁၀၀၀၀ ကုန်ကျခဲ့သောကြောင့် ဈေးကွက်ရရှိရန် လိုအပ်ပါတယ်။

၅။ လျှော်ဖြူစေးရောင်းချမှု ဈေးကွက်တည်တံ့နေမှသာလျှင် လျှော်ဖြူစိုက်ပျိုး ထုတ်လုပ်သူ တောင်သူများအနေဖြင့် လုပ်သာကိုင်သာအနေအထားရှိမည် ဖြစ်ပါသည်။ ကျွန်တော်တင်ပြလိုသည် မှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပသို့ လျှော်ဖြူစေး တင်ပို့နိုင်ရန် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဒေါ်နိုင်နိုင်မွန် ("တူးအင်ဝမ်း" ဆန်သန့်စင်စက်လုပ်ငန်း)**

၁။ ကြွရောက်လာကြတဲ့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များ ၊ ဌာနဆိုင်ရာအကြီးအကဲများအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ပွင့်ဖြူမြို့နယ် ကုလားကုန်းကျေးရွာမှ ဆန်သန့်စင်စက်လုပ်ငန်း လုပ်ကိုင်သူ ဒေါ်နိုင်နိုင်မွန် ဖြစ်ပါတယ်။

၂။ ဆန်သန့်စင်စက်ဆိုသည်မှာ ရိုးရိုးဆန်စက်ကနေ ဆန်လုံးတည်း ဆန် ထုတ်လိုက်တာကနေ တဆင့်ပြီးတဆင့် သန့်စင်တဲ့ ဆန်စက်ဖြစ်ပါကြောင်း၊ လုပ်သား အင်အား (၁၀)ယောက်ခန့် အသုံးပြုရပါကြောင်း၊ လျှပ်စစ်မီးကတော့ ကျွန်မတို့ဘက်မှာ တစ်နေ့ကို (၃)နာရီ လောက်ပဲ လာပါကြောင်း၊ အလုပ်သမားတွေကို စောင့်ခိုင်း ထားရကြောင်း၊ အလုပ်မလုပ်ပဲနဲ့ စောင့်ခိုင်းထား ရတော့ လုပ်အားပေးဖို့ ခက်ခဲပါကြောင်း၊ လျှပ်စစ်မီးအချိန်ပြည့်ရဖို့ထက် အချိန်လေးနဲ့ ဘယ်အချိန် ကနေဘယ်အချိန်ထိလာမယ်။ ဥပမာ တစ်ရက်လုံးပျက်မယ်ဆိုတဲ့ အစီအစဉ်လေးကို ဆောင်ရွက်ပေး စေချင်ပါကြောင်း၊ နောက်တစ်ခုက လုပ်ငန်းရှင်တွေမှာ အဓိကချေးငွေ လိုအပ်ပါကြောင်း၊ ကျွန်မရဲ့ ဆန်သန့်စင်စက်က မင်းဘူး-ပွင့်ဖြူသွားတဲ့ ကားလမ်းမကြီးဘေးမှာ ရှိပါကြောင်း၊ ချေးငွေလျှောက်ထားရန် သက်ဆိုင်ရာဝန်ကြီးဌာနတွေ စုံစမ်းတော့လဲ ဂရန်ရှိမှ ဖြစ်မှာလို့ ပြောပါကြောင်း၊ ကျွန်မရဲ့ ဆန်စက်တည်ရှိရာနေရာမှာ ကုလားကုန်းကျေးရွာမှာဖြစ်ကြောင်း၊ ကျွန်မ နေတာက စံပြကျေးရွာမှာ နေပါကြောင်း၊ ကုလားကုန်းကျေးရွာမှာ လယ်ဆည်ဝန်ကြီးဌာနကထုတ်ပေးတဲ့ အမြဲအမိန့်အမှတ်(၁၈၈-၁)(၈)အရ ကျေးရွာမြေဆိုရင် (၁၀၅)မြေ ဆွဲသွင်းလို့မရပါကြောင်း၊ ဂရန်လျှောက်လို့မရဘူး ဖြစ်နေပါကြောင်း၊ မြို့နယ်ကိုလည်း စာတင်ထားကြောင်း၊ စက်ရုံလည်ပတ်နေတဲ့ မှတ်တမ်းဓါတ်ပုံတွေနဲ့ စက်ရုံလည်ပတ်နေတဲ့ ကျေးရွာ ထောက်ခံစာ၊ တရားရုံးရဲ့ ကျမ်းကျိမ်လွှာ၊ Transformer လျှောက်ဖို့ အတွက် (၁၀၅) လျှောက်ထားတဲ့ စာရွက်စာတမ်းများနှင့်မှ ဂရန်ရမှာဆိုကြောင်း၊ အဲဒါလေး ဆောင်ရွက်ပေးစေလိုကြောင်း၊ ကျွန်မတို့ပွင့်ဖြူက ကုန်းဇောင်းရောပဒေသာဆိုရင်

Brand တစ်ခု အနေနဲ့ အားလုံးသိကြပါကြောင်း၊ ကုန်းဇောင်းဈေးပဒေသာဆန်ကိုလည်း ပြည်တွင်းပြည်ပ ဖြန့်နိုင်ဖို့ ကလဲ ငွေကြေးမပြည့်စုံတော့ အဆင်မပြေပါကြောင်း၊ နောက်တစ်ခုက သမီးရဲ့အဖေက မွေးမြူရေး လုပ်ပါကြောင်း၊ နွားကောင်ရေ (၃၀၀)ခန့်၊ သိုးကောင်ရေ (၅၀၀)ခန့် ရှိပါကြောင်း၊ နွားဈေးကွက် မရှိ ကြောင်း၊ ဂရန် ဆောင်ရွက် သည့်အခါမှာ ယာမြေဆို အခြားနည်းလျှောက်ရပါကြောင်း၊ အခြားနည်း လျှောက်ဖို့ ဆောင်ရွက်တဲ့အခါ မြို့နယ်တွေမှာရှိတဲ့ ဌာနဆိုင်ရာများကို လက်မှတ်လိုက်ထိုးရပါ ကြောင်း၊ လက်မှတ်ထိုးဖို့ အခက်အခဲနည်းနည်းရှိပါကြောင်း၊ မြို့နယ်ထွေအုပ် အစည်းအဝေးမှာ ဆိုရင် ဌာနဆိုင်ရာတွေ စုံကြပါကြောင်း၊ အမှုတွဲကို မြို့နယ်ထွေအုပ်ကို တင်ပြထားပါကြောင်း၊ မြို့နယ်ထွေအုပ်အနေနဲ့ အားလုံးကိုလက်မှတ်ထိုးလိုက်မယ်ဆိုရင် ဂရန်လျှောက်တဲ့အခါမှာ ပိုပြီး တော့ မြန်ဆန်မယ်လို့ ယူဆပါကြောင်း တင်ပြအပ်ပါတယ်ရှင်။

**ဦးမျိုးညွန့် (ဆန်စက်လုပ်ငန်း)**

၁။ ကြွရောက်လာတဲ့နိုင်ငံတော် ဝန်ကြီးချုပ်နှင့်တကွ နိုင်ငံတော်အကြီးအကဲများနှင့် လုပ်ငန်းရှင် များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါကြောင်း၊ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်မှ ပုဂ္ဂလိကဆန်စက်လုပ်ငန်း လုပ်ကိုင်သူ ဦးမျိုးညွန့်ဖြစ်ပါကြောင်း၊ ကျွန်တော် တင်ပြ ချင်တာကတော့ ချေးငွေ ချေးချင်ပါကြောင်း၊ ယခုလက်ရှိနေသည့်ဝိုင်းမှာ ၁၉၉၁ ခုနှစ်မှ စတင်၍ နေထိုင်ခဲ့ပြီး မြေပေးမိန့်မရှိသောကြောင့် ဂရန်လျှောက်မရကြောင်း၊ မြေပေးမိန့် မရှိရခြင်းမှာ ယခင် မိမိနေရာဝိုင်းမှာ စလင်းမြို့နယ်တွင် ကားဂိတ်နေရာပြုလုပ်ရာ ယခုလက်ရှိဝိုင်းအား မြေနေရာ ကွက်သစ်များ ချပေးထားပြီး မြေလွှတ်မိန့်များမရရှိပါ။ ရုံးပေါင်းစုံတွင် သွားရောက်ရှာဖွေရာတွင် လည်း မတွေ့ရှိပါ။ ယခုလက်ရှိ နေရာတွင် နေထိုင်သည်မှာ (၂၈)နှစ်ရှိပြီး ဂရန်ရလိုပါကြောင်း တင်ပြအပ်ပါသည်။

**ဒေါ်ဝင်းမော်ထွန်း ("ရွှေနဂါး" ဆိုင်ကယ်ထုတ်လုပ်ရေး)**

**၁။** ကြွရောက်လာကြတဲ့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများအားလုံး မင်္ဂလာပါရှင်။ ကျွန်မ ကတော့ ရေနံချောင်းမြို့မှ “ရွှေနဂါး” ဆိုင်ကယ်ထုတ်လုပ်ရေးလုပ်ငန်း လုပ်ကိုင်သူ စီးပွားရေး လုပ်ငန်းရှင်ဒေါ်ဝင်းမော်ထွန်းဖြစ်ပါတယ်ရှင်။

၂။ ၂၀၀၃ ခုနှစ်မှ စ၍ လုပ်သားဦးရေ (၄၇)ဦးဖြင့် လုပ်ငန်းစတင်လုပ်ကိုင်ခဲ့ပါကြောင်း၊ တစ်နေ့ကို ဆိုင်ကယ်အစီးရေ (၇၀)နီးပါး ထွက်ရှိသော်လည်း မော်ဒယ်ကို (၃)လတစ်ကြိမ် ပြောင်းမထုတ်နိုင်သောကြောင့် နိုင်ငံခြားမှ Without ဆိုင်ကယ်များ နိုင်ငံခြားမှ တင်သွင်းခဲ့ကြောင်း၊ မိမိစက်ရုံမှ Frame၊ Wring၊ Plastic စသည့် တစ်စိတ်တစ်ပိုင်းကို နိုင်ငံတော် သွင်းကုန်အစားထိုး လုပ်နိုင်ကြောင်း၊ ပြည်တွင်း ထုတ်ကုန်တစ်ခုဖြစ်အောင် ကြိုးစားမည် ဖြစ်ကြောင်း၊ မိမိတွင် ရေဂါလံ (၆၀)ဆန့် ရေကန်တင်ရန် လိုင်စင်ထုတ်မပေးနိုင်သော 25 CC သုံးဘီးဆိုင်ကယ် အစီးရေး(၃၀)ကျော် ဂိုဒေါင်ထဲတွင် ရှိကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ကြီးအနေဖြင့် မိမိလုပ်ငန်းအား ဆက်လက်အကောင် အထည်ဖော် လုပ်ဆောင်နိုင်ရန် အတွက် နိုင်ရန် ပြည်တွင်း SKD စနစ်ဖြင့် ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်မှ လိုအပ်သည်များ ပံ့ပိုး ကူညီဆောင်ရွက်ပေးပါရန် ဆွေးနွေးတင်ပြအပ်ပါတယ်။

**ဦးအောင်ဇင်ဝင်း ("မဏိရတနာ" ဆန်စက်)**

**၁။** ချေးငွေရယူလိုသဖြင့် ဆန်စက်မြေအား ဂရန်ရရှိရေး ဆောင်ရွက်ပေးနိုင်ရန် ဆွေးနွေး တင်ပြအပ်ပါတယ်။

**ဦးပြည့်ဖြိုးဝင်း ("မောင်မော်" တွင်ခုံစက်မှု လက်မှုလုပ်ငန်း)**

၁။ ဝယ်ယူ ထားသော ယာမြေမှာ ပုံစံ(၇) မှားယွင်းထုတ်ပေးထားခြင်းအား ကူညီ ဆောင်ရွက်ပေးနိုင်ပါရန် ဆွေးနွေး တင်ပြအပ်ပါတယ်။

လျှို့ဝှက်

နောက်ဆက်တွဲ(ဂ)

# လုပ်ငန်းရှင်များ၏ ဆွေးနွေးမေးမြန်းချက်အပေါ် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများမှ ပြန်လည် ရှင်းလင်းဆွေးနွေးချက်များ

## ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၏ ရှင်းလင်းဆွေးနွေးချက်

၁။ လေးစားအပ်ပါသော နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ တွေ့ဆုံပွဲကို တက်ရောက်လာကြသူများအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်၊ ကျွန်တော် ကတော့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဖြစ်ပါတယ်။

၂။ ဒီနေ့ တွေ့ဆုံပွဲ အခမ်းအနားမှာ MSME အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေး လုပ်ငန်းရှင်များအတွက် လိုအပ်ချက်များကိုသိရှိနိုင်အောင် ကျွန်တော်တို့ ဖြည့်ဆည်းပေးမဲ့ အနေအထားလေးနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများ က ပြန်လည် ရှင်းလင်းဆွေးနွေးပေးမှာ ဖြစ်ပါတယ်။ ပထမဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်အမိန့်ရှိသွားသလို MSME လုပ်ငန်းရှင်များ နှင့် တွေ့ဆုံပွဲများကို တိုင်းဒေသကြီး/ ပြည်နယ် နှင့် ခရိုင်များမှာ ပြုလုပ်ခဲ့ရာ ယခု မကွေးမြို့မှာဆိုရင် (၁၀)ကြိမ်မြောက် ဖြစ်ပါတယ်၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျတဲ့ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးဖို့ လာရောက်ခြင်းဖြစ်ပါတယ်၊ MSME လုပ်ငန်းရှင်များ ဒီနေ့ဆွေးနွေးတင်ပြတဲ့ အချက်တွေမှာ ချေးငွေနဲ့ပတ်သက်ပြီး ပထမဦးဆုံး ရှင်းလင်းတင်ပြချင်တာကတော့ ကျွန်တော်တို့ နိုင်ငံ့စီးပွားကို အခြေပြု၍တင်ပြလိုပါတယ်၊ အားလုံးသိကြတဲ့အတိုင်း နိုင်ငံစီးပွားရေးအခြေအနေအားလုံးဟာ အနဲနှင့်အများ ထိခိုက်ကျဆင်းမှုတွေ ရှိပါတယ်၊ ၂၀၂၀ ခုနှစ်တွင် ပေါ်ပေါက်လာတဲ့ ကိုဗစ် ၁၉ ရောဂါရဲ့ ရိုက်ခတ်မှုဟာ တကမ္ဘာလုံးနဲ့ ပတ်သက်ပြီး စီးပွားရေးအားလုံး ထိခိုက်ခဲ့ကြပါတယ်၊ ကျွန်တော်တို့ အပါအဝင် ဒေသတွင်းမှာရှိတဲ့ နိုင်ငံများမှာ ကိုဗစ် ၁၉ ကပ်ရောဂါဟာ ခုထိ မပြီးသေးပါဘူး၊ ပြန်လည် ကြိုးစားရင်းနဲ့ စီးပွားရေးပြန်တက်ဖို့ ကြိုးစားနေတာဖြစ်ပါတယ်၊ အခြားသော နိုင်ငံရေးဖြစ်စဉ်များနှင့်တကွ နိုင်ငံမှာဖြစ်ပွားခဲ့တဲ့ ပဋိပက္ခအခြေအနေနဲ့ဆက်စပ်ပြီး နိုင်ငံ့စီးပွားရေးတော်တော်ထိခိုက်ခဲ့ပါတယ်၊ ကျွန်တော်တို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ ကိန်းဂဏန်း နှင့်ပြောမယ်ဆိုရင် ၂၀၁၈-၂၀၁၉ မှာ (၆.၈%) လောက်ရှိပြီး ၂၀၁၉-၂၀၂၀ တွင် နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ (၃.၂%)ထိ ကျဆင်းသွားခဲ့ပါတယ်၊ ၂၀၂၀-၂၀၂၁ မှာ ကိုဗစ်ရဲ့အဓိကအခန်းကဏ္ဍကိုရောက်ရှိပြီး ကျွန်တော်တို့နိုင်ငံရဲ့ လက်တွေ့စီးပွားရေး အခြေ

အနေမှာအနှုတ်(၅.၉%) ထိ ကျဆင်းခဲ့ပါတယ်၊ ၂၀၂၁-၂၀၂၂ မှာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ စတင်ချိန်မှာ စီးပွားရေးကိုတိုးတက်အောင်ဆောင်ရွက်ခဲ့ပြီး ပုံမှန်ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ မတ်လ ၃၁ ထိ ပြောင်းလဲဆောင်ရွက်ခဲ့ပါတယ်၊ မိနီဘတ်ဂျက် (၆) လ ဆောင်ရွက်ခဲ့ပြီး စီးပွားရေး အခြေအနေမှာ ယခင်ပြောခဲ့သော အနှုတ် (၅.၉%)မှ အပေါင်း (၂.၄%)ထိ ပြန်လည်တိုးတက်ခဲ့ပါတယ်၊ ကမ္ဘာ့ဘဏ်မှလည်း တိုးတက်မှု (၂.၄%) ကို ထုတ်ပြန်ခဲ့တာတွေ့ရှိရပါတယ်၊ ကျွန်တော်တို့ စီးပွားပြန်လည်နလန်ထူထောင်ဖို့ ကြိုးစားနေပါတယ်၊ ၂၀၂၂-၂၀၂၃ မှာလည်း လက်ရှိစီးပွားရေးအခြေအနေ (၂.၄%) မှ (၃.၇%)ထိ တိုးတက်အောင်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါတယ်၊ စီးပွားရေးအခြေအနေကို ပြန်ကြည့်မယ် ဆိုရင် နိုင်ငံစီးပွားရေးအခြေအနေထိခိုက်ခဲ့တဲ့ အနေအထားတွေရှိသော်လည်း MSME လုပ်ငန်းရှင်များ တင်ပြချက်များဟာ အားလုံးသော ပြည်သူလူထုများနှင့် ဆက်စပ်ပတ်သက်နေပါတယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေနဲ့လည်း ဖေဖော်ဝါရီလမှာစတင်တာဝန်ယူချိန်မှစ၍ ကျဆင်းသွားတဲ့ နိုင်ငံစီးပွားရေး ပြန်လည်တည့်မတ်အောင် စီးပွားရေး ဦးတည်ချက် (၃) ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံတဲ့ ကုန်ထုတ်လုပ်မှုတွေကို တိုးတက်အောင် ကြိုးစားလုပ်ဆောင်ပြီး အကျိုးအမြတ်ရနိုင်တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်သွားမှာဖြစ်ပါတယ်၊ MSME လုပ်ငန်းရှင်တွေနဲ့ နိုင်ငံစီးပွားရေးလုပ်ငန်းရှင်တွေမှာ အကြီး၊ အလတ်၊ အငယ်တွင် အလတ်တွေရဲ့ တိုးတက်မှုအခန်းကဏ္ဍ အများဆုံးပါဝင်တာ ဖြစ်ပါတယ်၊ MSMEs တွေရဲ့တိုးတက်မှုကို တာဝန်ယူတဲ့ စက်မှုဝန်ကြီးဌာနမှ ဥပဒေထုတ်ပြန်ခြင်းနှင့် လိုအပ်သည်များဆောင်ရွက်ပြီး လုပ်ငန်းတွေ၏ အရေးပါမှုကို တိုးတက်အောင်ဆောင်ရွက်နေပါတယ်။

၃။ MSME လုပ်ငန်းများ အရင်းအနှီးရရှိရေးအတွက် ချေးငွေများ ထုတ်ပေးနေပါတယ်၊ MSME ချေးငွေမှာ အာမခံပေးပြီး ဂရန်သတ်မှတ်ချက်နဲ့ ပေးတဲ့ချေးငွေ တစ်ခုဖြစ်ပါတယ်၊ အာမခံပေးရမဲ့ပစ္စည်းမရှိဘူးဆိုရင် အာမခံပေးမဲ့ မြန်မာ့အာမခံချေးငွေ CGI ဟာလည်း MSME ချေးငွေဖြစ်ပါတယ် ၊ ၂၀၁၅-၂၀၁၆ မှစပြီး ဂျပန်မှ (JICA) ချေးငွေသည်လည်း မြန်မာ့စီးပွားရေးဘဏ်နှင့် အခြားပုဂ္ဂလိကဘဏ်များမှ နှစ်စဉ်ချေးငွေပေးသော MSME ချေးငွေဖြစ်ပါတယ်၊ ၂၀၂၀ မှစ၍ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများအတွက်ရသော ကိုဗစ်ကုစားရေးချေးငွေကို ကျွန်တော်တို့က တာဝန်ယူဆောင်ရွက်နေပါတယ်၊ ကိုဗစ်ကုစားရေးချေးငွေသည် လုပ်ငန်းများထိခိုက်နစ်နာမှုနှင့်ပတ်သက်ပြီး လုံးဝကိုအပေါင်ပစ္စည်းမယူသော ချေးငွေတစ်ခု ဖြစ်ပါတယ်၊ နောက်တစ်ခုက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှာ COVID Relief Fund ဆိုပြီး ချေးတဲ့ MSME

ချေးငွေရှိပါတယ်၊ မကွေးတိုင်းထဲမှာ ချေးငွေနဲ့ပတ်သက်ပြီး ယူထားတဲ့စာရင်းအရ မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ အရေအတွက်အများကြီးမရှိပါ။ ၃၁.၁၀.၂၀၂၂ ရက်အထိ MEB ဘဏ်မှာ CGI ချေးငွေအနေနှင့် အောက်တိုဘာလထိ စုစုပေါင်း လူဦးရေ (၂၄)ဦးရှိပြီး ချေးငွေပမာဏမှာ (၂.၉၄)ဘီလီယံ ရှိပါတယ်၊ မြန်မာ့စီးပွားရေးဘဏ်မှာ ချေးငွေပြန်မဆပ်နိုင်သော မကွေးခရိုင်မှာ ကြွေးကျန်ဦးရေအနေအထား (၁၃)ဦး ရှိပြီး (၁.၇၉)ဘီလီယံ ကျန်ရှိပါတယ် ၊ JICA ချေးငွေတွင် မကွေးတိုင်းဒေသကြီးတစ်ခုလုံး အနေနှင့် စီမံကိန်းအဆင့်မြင့်တင်ဖို့ဆိုပြီး ငွေပမာဏ (၄.၅)သန်းချေးထားပြီးဖြစ်ပါတယ်၊ စီမံကိန်း အဆင့်အနေနဲ့ လူဦးရေ (၇၂)ဦးရှိပြီး ငွေပမာဏ (၁၁.၃)သန်း ချေးထားပြီးဖြစ်ပါတယ်၊ မကွေးတိုင်း တစ်တိုင်းလုံး အနေဖြင့် လူဦးရေ (၁၀၄)ဦး ချေးငွေပမာဏ (၁၅.၈၉၆)ဘီလီယံ ချေးထားတဲ့အနေ အထားရှိကြောင်းတွေ့ရှိရပါတယ်၊ အသေးစိတ် ပြန်ကြည့်မယ်ဆိုရင် မကွေးခရိုင်မှာ (၅၂)ဦး၊ ငွေပမာဏ (၁၀.၁၅၅)ဘီလီယံ၊ မင်းဘူးခရိုင်မှာ (၉)ဦး၊ ငွေပမာဏ (၁.၃)ဘီလီယံ၊ သရက်ခရိုင်မှာ (၉)ဦး၊ ငွေပမာဏ (၁.၃၉၄)ဘီလီယံ၊ ပခုက္ကူခရိုင် (၂၉)ဦး၊ ငွေပမာဏ (၃.၀၄၁)ဘီလီယံ စုစုပေါင်း (၁၅.၈၉၆) ဘီလီယံ ချေးထားတာဖြစ်ပါတယ်၊ မကွေးတိုင်းဒေသကြီးတစ်ခုလုံးအနေနှင့် ပတ်သက်ပြီး လက်ရှိ အနေအထားအရ ချေးငွေကိုဆက်ပြီးတော့ ချေးနေတဲ့အနေအထား ဖြစ်ပါတယ်၊ ချေးငွေနဲ့ ပတ်သက်ပြီး ကန့်သတ်ချက်ရှိပြီး လက်လွတ်ချေးလို့မရတဲ့ အနေအထားဖြစ်ပါတယ်၊ ဘဏ်ရဲ့ လုပ်ထုံးလုပ်နည်းနှင့်အညီ ပူးပေါင်းစိစစ် လုပ်ဆောင်ရမှာဖြစ်ပါတယ်၊ မကွေးတိုင်း အတွင်းရှိ အဓိကအားဖြင့် ပွင့်ဖြူနှင့်စလင်းရှိ မြန်မာ့စီးပွားရေးဘဏ်မှ နေကြာသီးနှံအတွက် ချေးသော ချေးငွေမှာ (၁၈၉)သန်းဖြစ်ပြီး လူဦးရေ (၁၂၆)ဦးကို ချေးထားပါတယ်၊ နေကြာသီးနှံနှင့် ပတ်သက်၍ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနမှ ဆောင်ရွက်နေတာဖြစ်ပါတယ်၊ နောက် တစ်ခုက ဒီနှစ်ထဲတွင် ဆန်စက်၊ ဆီစက်ချေးငွေနှင့် ပတ်သက်ပြီးစိုက်ပျိုးရေးမွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဦးစီး၍စတင် ဆောင်ရွက်နေပြီးဖြစ်ပါတယ်၊ ဆန်စက်နှင့်ဆီစက် ထူထောင်ရေးကိစ္စကိုလည်း လိုအပ်တဲ့စည်းမျဉ်းစည်းကမ်းများရေးဆွဲပြီးဆောင်ရွက်နေတဲ့အနေအထားရှိပါတယ်။

၄။ ဖြည့်စွက်ရှင်းလင်းပေးလိုတဲ့အချက်အလက်တွေရှိပါတယ်၊ အခုတင်ပြခဲ့တဲ့ အနေအထားမှာ တချို့ကိစ္စတွေ အခွန်ဖြေလျှော့ပေးရေးကိစ္စပါဝင်ပါတယ်၊ လုပ်ငန်းရှင် ဒေါ်သက်စုဌေးမှကုန်ကြမ်းတင်သွင်းရေးမှာ အခွန်လျှော့ပေးရန် ၊ထုတ်ကုန်အခွန်လျှော့ချပေးရေး ဖြစ်ပါတယ်၊ နိုင်ငံတော်ဝန်ကြီးချုပ်ရောက်တဲ့နေရာတိုင်း တွေ့ဆုံပွဲတွင် ပွင့်ပွင့်လင်းလင်းရှင်းပြခဲ့ပါတယ်၊ ကျွန်တော်တို့ နိုင်ငံက ကျခံနေတဲ့ အခွန်စနစ်သည် ကျွန်တော်တို့ဘက်က တတ်နိုင် သလောက်

လျှော့ပေးပါတယ်၊ နိုင်ငံတကာနဲ့ယှဉ်မယ်ဆိုရင် တတ်နိုင်သလောက်အခွန်နှင့်ပတ်သက်ပြီး လျှော့ပေးမည်ဖြစ်ပါတယ်၊ လုပ်ငန်းရှင် ဒေါ်ဝင်းမော်ထွန်းတို့ ပြောသွားတဲ့ ပြည်တွင်း ထုတ်လုပ်မှုကို ဦးစားပေးပြီး အဓိက ပြည်တွင်းအခွန်လျှော့မှု (၇)ခု ရှိပါတယ်၊ ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ အထူးကုန်စည်ခွန်၊ တံဆိပ်ခေါင်းခွန်၊ ပြည်တွင်းလုပ်ငန်းရှင်တွေပေးရတဲ့ အကောက်ခွန်များကို တတ်နိုင်သလောက်လျှော့ပေးထားပါတယ်၊ ဘတ္တရီလျှပ်စစ်ကားများနဲ့ ပတ်သက်ပြီးအခွန်နှုန်းထားကိုအတတ်နိုင်ဆုံးလျှော့ချပေးထားပါတယ်၊ထို့အတူပဲ ကိုဗစ်စဖြစ် ထဲက ပြည်တွင်းက စထုတ်တဲ့လုပ်ငန်းရှင်တွေ ပြည်တွင်းထုတ်ကုန်ကိုအားပေးနိုင်ဖို့အတွက် အခွန်နှုန်းထားလျှော့ချပြီး(၁.၅%)အနည်းဆုံးလောက်ထိလျှော့ချထားပါတယ်၊ လုပ်ငန်းရှင် များ တင်ပြတဲ့ အနေအထားပေါ်မှာ MSME လုပ်ငန်းများအတွက်ကို မဖြစ်မနေ ပြည်တွင်းထုတ်လုပ်မှု အတွက်ကနေ ပြည်ပထုတ်လုပ်မှုနဲ့ယှဉ်ပြီး ဆောင်ရွက်ခဲ့မှုကိုတင်ပြလိုပါတယ်၊ တင်ပြချက်နဲ ပတ်သက်ပြီး ပထမဆုံး အချက်စဉ်းစားလိုက်တဲ့အခါမှာ နှစ်ဖက်စဉ်းစားပေးဖို့ တစ်ဖက်က လုပ်ငန်းရှင်ပိုင်း တစ်ဖက်က တာဝန်ယူရတဲ့အဖွဲ့ ကိုယ့်ဘက်ကိုပဲကြည့်လို့မရပါ၊ နှစ်ဖက်ပေါင်း စဉ်းစားရမှာဖြစ်ပါတယ်၊ အချို့ကိစ္စများမှာလက်ရှိအနေအထားအရ ရေတိုဖြေရှင်းနိုင်ပြီး တချို့ကိစ္စမှာ ရေရှည်ဖြေရှင်းရတာမျိုး ဖြစ်ကြောင်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စဉ်းစား သုံးသပ်ဖြေရှင်းပေးမည်ဖြစ်ပါတယ်၊ ချေးငွေနဲ့ ပတ်သက်ပြီးကြွေးဆုံးဖြစ်တာတွေ အများဆုံး ဖြေရှင်းနေရပါတယ်၊ (၁.၄)ထရီလီယံ ပြန်ကောက်နေ ရပါတယ်၊ ဘယ်နိုင်ငံ၊ ဘယ်အစိုးရ အဖွဲ့အစည်းမှ ချေးငွေကို လက်လွတ်စပယ်ပေးတာမရှိပါဘူး၊ နိုင်ငံတကာမှာထုတ်ချေးတဲ့ CGI ချေးငွေ၊ အာမခံပေးတဲ့ချေးငွေရှိပါတယ်၊ လျှော့ပေးနိုင်တဲ့ဟာကို လျှော့ပေးပြီး ချေးငွေကို ပြန်လည်ရရှိရေးအပိုင်းမှာ ကြိုးပမ်းဆောင်ရွက်နေတာဖြစ်ပါတယ်၊ ဒါတွေကို ထည့်သွင်း စဉ်းစားနေတာဖြစ်ပါတယ် ၊ နိုင်ငံတော်ဝန်ကြီးချုပ်အပါအဝင် နိုင်ငံတော်က ဆောင်ရွက် ပေးနေတာတွေရှိပါတယ်၊ နှစ်ဦးနှစ်ဖက်ပေါင်းစပ်ပြီး MSME လုပ်ငန်းရှင်များနှင့် ပူးပေါင်း ဆောင်ရွက်ပေးကြစေလိုပါတယ်၊ MSME ရန်ပုံငွေကိုထူထောင်ရန် အစိုးရ က (၁၇၀) ဘီလီယံကို မတည်ထူထောင်ပေးမှာဖြစ်ပါတယ်၊ သက်ဆိုင်ရာလုပ်ငန်းရှင်များအနေနဲ့ မကွေးတိုင်းမှာရှိတဲ့ မြန်မာ့စီးပွားရေးဘဏ်ကို သွားရောက် ဆွေးနွေးနိုင်ပါတယ်၊ လုပ်ငန်းရှင်တွေနေနဲ့လည်း ပွင့်ပွင့်လင်းလင်းမှန်မှန်ကန်ကန်ဆောင်ရွက်ပေးရန် လိုအပ်ပြီး ကျွန်တော်တို့ဘက်မှလည်း တတ်နိုင်သလောက်ပူးပေါင်း ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၏ ရှင်းလင်းဆွေးနွေးချက်

၁။ လေးစားအပ်ပါသော နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ ဒီနေ့အခမ်းအနားကို တက်ရောက်လာကြတဲ့ ပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဂါရဝပြု ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဖြစ်ပါတယ်၊

၂။ ကျွန်တော်အနေနဲ့ ရင်းနှီးမြှုပ်နှံမှုကိစ္စ၊ ကုမ္ပဏီမှတ်ပုံတင်ခြင်းကိစ္စ၊ CERP လို့ခေါ်တဲ့ ကိုဗစ်ထိခိုက်မှုချေးငွေ ကိစ္စများကို အပိုင်း(၃)ပိုင်း ခွဲပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်လို့ ကြည့်မယ် ဆိုရင် ရင်းနှီးမြှုပ်နှံမှုဟာ အပိုင်း (၃)ခု ရှိပါတယ်၊ နံပါတ်(၁)က စုစုပေါင်းရင်းနှီးမြှုပ်နှံမှုဆိုတာ နိုင်ငံတော်က ရင်းနှီးမြှုပ်နှံပေးတာရော၊ ကျွန်တော်တို့ ပုဂ္ဂလိက ကဏ္ဍတွေရဲ့ ရင်းနှီးမြှုပ်နှံတာရော၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုပြီး ရှိပါတယ်။ ရင်းနှီးမြှုပ်နှံမှုတွင် အဓိကအရေးကြီးသည့် ကုန်ထုတ်လုပ်မှုတွေရှိမှသာ အရင်းပြန်လည်ရှိမည်ဖြစ်ပြီး နိုင်ငံတော်အနေနဲ့လည်း နှစ်စဉ် ရင်းနှီးမြှုပ်နှံမှုကိုစနစ်တကျ လုပ်ပေးရမှာ ဖြစ်သလို၊ အဲဒီရင်းနှီးမြှုပ်နှံမှုတွေမှာလည်း ယခုအခါမှာ ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုရဲ့ အရေးပါမှုကိုလည်း ထည့်သွင်း ပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်၊ ယခင်တုန်းက ဆိုရှယ်လစ်စီးပွားရေး ပုံစံတုန်းကလို နိုင်ငံစီးပွားရေးပုံစံများတဲ့အတွက် နိုင်ငံတော်ကသာလျှင် ရင်းနှီးမြှုပ်နှံမယ်ဆိုတဲ့ အခြေအနေမျိုးတွေ တွေ့ရပေမဲ့ ၁၉၉၀ နောက်ပိုင်းမှာ ပုဂ္ဂလိကကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လာတာ ဖြစ်တဲ့အတွက် ယခုအခါမှာ MSME လုပ်ငန်းတွေရဲ့ (၉၅%) လောက်က ပုဂ္ဂလိကကဏ္ဍ ဖြစ်ကြောင်း တွေ့ရှိရပါတယ်၊ ဒါကြောင့် ပုဂ္ဂလိကကဏ္ဍရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်လို့ တိုင်းဒေသကြီးအတွင်းမှာ ဘယ်လောက်ရှိတယ်၊ အဲဒါအပြင် နိုင်ငံတကာကနေ လာရောက်ပြီး ရင်းနှီးမြှုပ်နှံတဲ့ ရင်းနှီးမြှုပ်နှံမှု တွေက ဘယ်လောက်ရှိလဲဆိုတာ ကျွန်တော် တင်ပြလိုပါတယ်၊ ၁၉၉၀ ကနေ ၂၀၂၂ ခုနှစ်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း မကွေးတိုင်းဒေသကြီးအတွင်းမှာ လုပ်ငန်း(၁၉)ခု ရှိပြီး အမေရိကန်ဒေါ်လာ ၆၅၉.၅၁၁ သန်း မြှုပ်နှံမှုရှိပါတယ်၊ ရင်းနှီးမြှုပ်နှံတဲ့ လုပ်ငန်းတွေမှာတော့ လျှပ်စစ်ဓာတ်အားကဏ္ဍ ရင်းနှီးမြှုပ်နှံမှု အားရစရာကောင်းပါတယ်။ ယခုနှစ်ပိုင်းအတွင်းမှာတိုင်းဒေသကြီးကနေ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှ ခွင့်ပြုထားတဲ့ လုပ်ငန်း(၂)ခု ရှိပါတယ်၊ အဓိက ဆိုလာရင်းနှီးမြှုပ်နှံမှုရှိ ပါတယ်၊ ဆိုလာနှင့်ပတ်သက်ပြီး အနောက်ဘက်ကမ်း မင်းဘူး၊ စေတုတ္တရာအစရှိသည့် ဒီဒေသတွေမှာ ဆိုလာရင်းနှီးမြှုပ်နှံမှု ရှိလာတာ အားရစရာ

ကောင်းသလို နိုင်ငံရဲ့ လျှပ်စစ်ဓာတ်အား တိုးတက်ဖို့ အတွက်လည်း အခြေခံကျတဲ့ လုပ်ငန်းဖြစ်ပါတယ်၊ ခုနက နိုင်ငံတော်ဝန်ကြီးချုပ်ကြီးအစပိုင်းမှာ ဆွေးနွေးသွားသလိုပါပဲ ကျွန်တော်တို့ဒေသဟာ တစ်နှစ်မှာ ရက်ပေါင်း(၂၇၀) ကနေ (၃၀၀) လောက်ထိတောင် နေရောင်ခြည်ရနေတဲ့ဒေသဖြစ်သောကြောင့် ဆိုလာကနေ လျှပ်စစ်ဓာတ်အား စီးပွားဖြစ်ထုတ်လုပ်နိုင်မည်ဖြစ် ပြီး မင်းဘူးမှာ ဆိုလာတပ်ဆင်ပြီး (၃၀) မဂ္ဂါဝပ်လောက် ထွက်နေပါတယ်၊ ထိုနည်းတူစွာပဲ စေတုတ္တရာ၊ ကြီးအုံကြီး၀ အစရှိသဖြင့် ဆိုလာတပ်ဆင် လုပ်ငန်းတွေကို တွေ့ရတာ ဖြစ်တဲ့အတွက် ဆိုလာလျှပ်စစ်ကဏ္ဍသုံးစွဲလာတာ အားရစရာကောင်းပါတယ်။

၃။ မကွေးတိုင်းဒေသကြီး မှာ စက်မှုလုပ်ငန်းနဲ့ ပတ်သက်လို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (၇)ခုရှိပါတယ်။ သဘာဝဓာတ်ငွေ့လုပ်ငန်းက သန်းပေါင်း(၂၀၀)ကျော် ရှိပြီး လုပ်ငန်းဟောင်းတွေဖြစ်ပါတယ်၊ ဝန်ဆောင်မှုလုပ်ငန်းကတော့ (၅၅)ခု ၊ ပခုက္ကူ စက်မှုဇုန် နှင့် အခြားဇုန်လေးတွေမှာ ဂျပန်ကနေ ရင်းနှီးမြှုပ်နှံသည့် လက်အိတ် လုပ်ငန်းတွေရှိနေတာ တွေ့ရပါတယ်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (သို့မဟုတ်) ကုမ္ပဏီ ရင်းနှီးမြှုပ်နှံမှုလို့ ခေါ်ပါတယ်၊ တစ်ခုက FDI (Foreign Direct Investment) ခေါ်ပြီး နောက်တစ်ခုက MCI ( Myanmar Company Investment) လို့ခေါ်ပါတယ်။ ၁၉၉၄ ကနေစပြီး ၂၀၂၂ ထိအောင် (၃၄) ခုရှိပါတယ်။ မြန်မာကုမ္ပဏီအနေနဲ့တော့ ကြီးမားတဲ့ရင်းနှီးမြှုပ်နှံမှုတွေ မတွေ့ရပါဘူး ၊ အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍမှာ (၄) ခု၊ စက်မှုကဏ္ဍမှာ (၈) ခု ၊ ခရီးသွားကဏ္ဍ မှာ (၂)ခု ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍမှာ (၉)ခု ၊ ဝန်ဆောင်မှုကဏ္ဍမှာ (၃)ခု ၊ ဆောက်လုပ်ရေးကဏ္ဍမှာ (၅)ခု၊ ရေနံနှင့်သဘာဝဓာတ်ငွေ့မှာ(၂)ခု၊ လျှပ်စစ်စွမ်းအားကဏ္ဍမှာ(၁)ခု၊ စုစုပေါင်း (၃၄)ခုရှိပြီး အမေရိကန်ဒေါ်လာ(၃၄.၂၈၆)သန်း အပါအဝင် စုစုပေါင်းကျပ်ငွေ (၁၀၀.၃၆၂) ဘီလီယံ ရှိပါတယ်၊ ၁၉၉၄ ကနေ ၂၀၂၂ ခုနှစ်ထိ နှစ်ပေါင်း၂၈ နှစ်အတွင်းမှာ ပုဂ္ဂလိကကုမ္ပဏီ ရင်းနှီးမြှုပ်နှံမှု ကျပ်(၁၀၀.၃၆၂) သန်းရှိပြီး ယခုနှစ် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တစ်နှစ်ထဲမှာ နိုင်ငံတော်ရဲ့ ရင်းနှီးမြှုပ်နှံမှုအနေဖြင့် မကွေးတိုင်းတစ်တိုင်းလုံးအတွင်း (၂၅)မြို့နယ်အတွင်းမှာ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုငွေလုံးငွေရင်းပမာဏ ကျပ်(၁၂၉.၈၅၂) ဘီလီယံ၊ ပြည်ထောင်စုကနေ ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ်(၁၁၅.၅၉၂) ဘီလီယံ၊ စုစုပေါင်း (၂၃၅.၄၄၅) ဘီလီယံ ရင်းနှီးမြှုပ်နှံ ပေးထားတာ ဖြစ်ပါတယ်၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဟာ ၂၈ နှစ်အတွင်း ဘီလီယံ(၁၀၀) ပဲ ရှိပြီး နိုင်ငံတော်အနေနဲ့ ဒီဒေသကြီးဖွံ့ဖြိုးမှုအတွက် (၁) နှစ်အတွင်းမှာ ကျပ်(၂၃၅.၄၄၅) ဘီလီယံ ရင်းနှီးမြှုပ်နှံပေးထားတာရှိကြောင်းတင်ပြအပ်ပါတယ်။

၄။ ချေးငွေလိုအပ်ချက်နဲ့ ပတ်သက်ပြီးတော့ ဆက်လက်ပြီးတင်ပြပါမယ်။ အထူးသဖြင့် အရင်းလိုအပ်ချက်ရှိနေတာ ဖြစ်တဲ့အတွက် အရင်းလိုအပ်ချက်နဲ့ ပတ်သက်လို့ ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုအတွက်ကိုတော့ ကိုဗစ်ကာလ ၂၀၂၀ ဧပြီလက စပြီး ကိုဗစ်ချေးငွေ ချေးထားခဲ့ကာ အတိုးနှုန်း(၁%)ဖြစ်ပါတယ်။ ကိုဗစ်ချေးငွေအတွက် မကွေးတိုင်းဒေသကြီးအတွင်းမှာ လုပ်ငန်း ပေါင်း (၃၃၉) ဦးကို ကျပ်(၅.၇၈) ဘီလီယံထုတ်ချေးပေးခဲ့ပါတယ်၊ ချေးငွေအကြေပေးဆပ်မှု (၆)ဦးရှိပါတယ်၊ ပထမအကြိမ် အတိုးပေးဆပ်တာ (၃၀၅)ဦး ဖြစ်တဲ့အတွက် (၉၀%) က မိမိပေးရမဲ့ တာဝန်ကို စနစ်တကျ ထမ်းဆောင်တာတွေ ရှိပါတယ်၊ ဒုတိယအကြိမ် အတိုးပေးတာက(၁၉၅)ဦးရှိပါတယ်၊ ချေးငွေချေးထားတဲ့ လုပ်ငန်းရှင်အနေနဲ့ ဆန်စက်၊ ဆီစက်၊ ပဲခွဲစက်၊ စက်မှုလုပ်ငန်းရှင်တွေဖြစ်ပြီးအားလုံးဟာ MSME ခေါင်းစဉ်အောက်မှာရှိတဲ့ လုပ်ငန်းများ ဖြစ်ပါတယ်၊ အများဆုံး ချေးထားတာကတော့ သန်း(၂၀)လောက်ပဲရှိပါတယ်၊ ပြန်လည် ပေးဆပ်နိုင်ပြီး တစ်နိုင်တစ်ပိုင် လုပ်ငန်းတွေဖြစ်ပါတယ်၊ ကိုဗစ်ချေးငွေ နဲ့ပတ်သက်ပြီး နိုင်ငံတော် မှ ပထမအကြိမ် ပထမနှစ် ချေးငွေအပေါ်မှာ (၆)လ၊ နောက်ထပ်(၆)လ တစ်နှစ် သက်တမ်းတိုးပေးထားပါတယ်၊ နိုင်ငံတော်ဝန်ကြီးချုပ်ခရီးစဉ်မှာ ထပ်ပြီးအရင်းပြန်ဆပ်ဖို့ တစ်နှစ်ထပ်တိုးပေးပါရန် တင်ပြကြလို့ နောက်ထပ်(၁) နှစ် ထပ်တိုး ပေးထားပြီး ဖြစ်ပါတယ်၊ ဒါကြောင့်မလို့ ချေးငွေပေးဆပ်ရမည့် အတိုးကိုလည်း ပေးဆပ်ရမည်။ အရင်းပေးဆပ်ရမဲ့သူက အရင်းပေးဆပ်ရမှာဖြစ်ပါတယ်၊ နိုင်ငံတော် ရဲ့ စေတနာကို နာလည်ပေးစေလိုပါတယ်။

၅။ နောက်တစ်ခုကတော့ တတိယအချက်ဖြစ်တဲ့ ကုမ္ပဏီဖွဲ့စည်းမှုဟာ MyCo ဆိုတဲ့ စနစ်အောက်မှာ ကွန်ပျူတာကတဆင့် ကုမ္ပဏီမှတ်ပုံတင်ခြင်းကိစ္စ လက်ခံဆောင်ရွက်လျှက် ရှိပါတယ်၊ ဒီလို ဆောင်ရွက်တဲ့အခါမှာ MyCo System အောက်မှာ မှတ်ပုံတင်ထားတဲ့ ကုမ္ပဏီပေါင်း (၁,၀၄၉)ဦးရှိ ပါတယ် ၊ စာရင်းဇယားနဲ့ ပတ်သက်လို့ ဒွိဟဖြစ်တာတွေ ရှိပါတယ်၊ ပုဂ္ဂလိက စက်မှုလုပ်ငန်းမှာ အကြီးစား(၂၁၁) ခု၊ အလတ်စား(၇၁၈)ခု၊ အသေးစား(၁,၉၉၆)ခု ဖြစ်တဲ့အတွက် စုစုပေါင်း (၂,၉၃၆)ခု ဆိုပြီး မှတ်ပုံတင်ထားတာ ရှိပါတယ်၊ စုစုပေါင်း ဌာန(၁၀)ခုမှာ မှတ်ပုံတင်ထားသော လုပ်ငန်းပေါင်း (၂)သောင်း ကျော်ရှိပါတယ်၊ SME Member Card အနေနဲ့ (၃)ထောင်ကျော်ရှိပါတယ်၊ ကျွန်တော်တို့အနေနဲ့ MSME ခေါင်းစဉ်အောက်မှာ စနစ်ကျတဲ့ မှတ်ပုံတင်ခြင်းတစ်ခု လိုအပ်ပါတယ်၊ ဒါမှသာလျှင် MSME ဆိုတဲ့ စာရင်းဇယား ဘယ်လောက်ရှိကြောင်း၊ စာရင်းဇယားလုပ်ပြီးတော့မှ ချေးငွေယူမယ်ဆိုရင် ဘယ်ချေးငွေဟာ ဘယ်ခေါင်းစဉ်အောက်မှာပါတဲ့ SME နံပါတ်ကဘယ်လောက် ၊ လုပ်ငန်းကဘယ်လောက်၊ ရင်းနှီးမြှုပ်နှံမှုက ဘယ်လောက်ရှိတယ်၊ ဘာပစ္စည်းတွေထုတ်တယ်၊ လုပ်ငန်းပေါ်မှာ မူတည်ပြီး

လုပ်ငန်းအလိုက် ဘဏ္ဍာရေးဝန်ကြီးဌာနက ချေးငွေချေးမယ်ဆိုရင် ဒီဟာကို စီစစ်ဖို့ အတွက် တစ်ခါတည်း လိုအပ်ချက်တွေနဲ့ မြေယာလိုအပ်ချက်၊ စက်ရုံရဲ့လိုအပ်ချက် အစရှိသဖြင့် ချေးငွေနဲ့လုပ်တာ ဘယ်လောက်ရှိတယ်၊ ကိုယ်ပိုင်ငွေနဲ့လုပ်တာ ဘယ်လောက်ရှိတယ်၊ စသည်တို့ကို စနစ်တကျ စာရင်းမှတ်တမ်းတင်ဖို့ လိုပါတယ်၊ ဒီဟာကို အမြန်ဆောင်ရွက်နိုင် လေလေ အရင်းအနှီးပွံ့ပိုးနိုင်ဖို့ ပိုမိုမြန်ဆန်ဖို့ရှိပါတယ်၊ စာရင်းဇယားမှန်ကန်ဖို့အတွက် နိုင်ငံတော်ဝန်ကြီးချုပ် အနေနဲ့ တွေ့ဆုံပွဲတွေမှာ အမြဲတမ်းလမ်းညွှန်ထားပါတယ်၊ ဒီအချက်တွေ လုပ်ဆောင်ပေးဖို့ လိုအပ်ပါတယ်၊ ကုမ္ပဏီများ မှတ်ပုံတင်တဲ့အခါ ကုမ္ပဏီရဲ့ထုတ်လုပ်တဲ့ လုပ်ငန်းဖြစ်ဖို့ နာမည်ခံ ကုမ္ပဏီမဖြစ်ဖို့ အထူးသဖြင့် ဆောက်လုပ်ရေးလုပ်ငန်းတွေကို နှစ်စဉ် နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံမှု ပမာဏ စုစုပေါင်း (၂၃၅.၄၄၅)ဘီလီယံ ရင်းနှီးမြှုပ်နှံမှု ပေးထား ကြောင်း၊ လာမည့်နှစ်မှာလည်း ယခုထက်မနည်းသည့် ရင်းနှီးမြှုပ်နှံမှုဖြစ်လာပါမယ်၊ အဲဒီလိုဖြစ်လာသည့်အခါ ၎င်းထဲတွင် တည်ဆောက်ရေးလုပ်ငန်းများ၊ အခြေခံအဆောက်အဦများ ပါဝင်ပါတယ်၊ ဒီလုပ်ငန်းတွေမှာ ဝင်ပြီးတော့ တင်ဒါတင်ဖို့အတွက်သာ ကုမ္ပဏီအမည် ယူမည် ဆိုလျှင် မဖြစ်သင့်ကြောင်း၊ ကုမ္ပဏီ ဖြစ်ပြီဆိုလျှင် ကုမ္ပဏီသည် ထုတ်လုပ်မှုသော်လည်းကောင်း၊ ဝန်ဆောင်မှုသော်လည်းကောင်း၊ လုပ်ငန်းကိုတစ်ကယ်ဖြစ်လာအောင် လုပ်ဖို့အတွက် အသွင် ကူးပြောင်းခြင်းကို Transformation Company to Firm ဟုခေါ်ပါတယ်၊ Farm ဆိုသည်မှာ လယ်ယာကဏ္ဍ ထုတ်လုပ်မှုဖြစ်ပြီး၊ Firm ဆိုသည်မှာ စက်မှု (သို့မဟုတ်) ထုတ်လုပ်မှု လုပ်ငန်းတွေဖြစ်ပါတယ်၊ အဆိုပါလုပ်ငန်းတွေ ဖြစ်လာမှလည်း တိုင်းဒေသကြီး၏ ထုတ်လုပ်မှု ပမာဏ တက်လာမှာဖြစ်ပါတယ်၊ ကုမ္ပဏီအနေဖြင့် ဆောင်ရွက်ထားသည့် (၂,၀၄၉)ခုမှာ မိမိ၏ ကုမ္ပဏီစာရင်း အနေဖြင့် မှန်မမှန်ချိတ်ထားသည့် ကုမ္ပဏီနာမည်နှင့် ကုမ္ပဏီစာရင်းသာမဟုတ်ပဲ တကယ်လုပ်ဆောင်မည့်ကုမ္ပဏီများဖြစ်လာမှသာ လျှင် တစ်ဖက်မှလည်း ချေးငွေထောက်ပံ့မှုကို ပြည့်ပြည့်ဝဝ ရရှိမှာဖြစ်ပါတယ်၊

၆။ မကွေးတိုင်းဒေသကြီးသည် အချက်အချာကောင်းပြီး စီးပွားရေးလုပ်ငန်းအနေဖြင့် အလွန်မှ အားရှိသလို ဧရာဝတီမြစ်ကြီး၏ အရှေ့ဘက်ကမ်း၊ အနောက်ကမ်းမှာရှိသည့် သဘာဝပေးထားသည့် မြေဆီမြေလွှာတွေအရ အနောက်ဘက်ကမ်း ဆိုလျှင် စိုက်ပျိုးရေး၊ အရှေ့ဘက်ကမ်းဆိုလျှင် အရင်တုန်းကတော့ ယာဖြစ်ပြီး ယခုဆိုလျှင် ဆည်မြောင်း များ ဖြစ်သွားသည့်အတွက်ယာမှ လယ်တွေအဖြစ် ပြောင်းလဲသွားတာ တွေ့ရပါတယ်။ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်း ဆောင်ရွက် ပေးသွားဖို့ တင်ပြလိုပါတယ်၊ ကျွန်တော်တို့ ဝန်ကြီးဌာနတွေအနေနဲ့ လိုအပ်တဲ့ ရင်းနှီးမြှုပ်နှံမှုကို ပြည်တွင်းသာမက ပြည်ပကနေ

ရင်းနှီးမြှုပ်နှံဖို့ အခွင့်အလမ်းများ ပေါ်ပေါက် လာအောင်ဆောင်ရွက်ပေးလျက်ရှိပါတယ်၊ ဒါကြောင့် ၂၀၂၁ – ၂၀၂၂ ခုနှစ်မှာ အင်မတန် အားကောင်းတဲ့ ရင်းနှီးမြှုပ်နှံမှု (၅၅.၉၉၄)သန်း၊ (၂)နှစ်အတွင်းမှာ အမေရိကန်ဒေါ်လာ ဝင်ရောက်မှာ ဖြစ်ပါတယ်၊ အထူးသဖြင့် လက်အိတ်လုပ်ငန်း၊ ဆိုလာလုပ်ငန်း တို့ရှိပြီး ဆိုလာလုပ်ငန်း အနေဖြင့် နိုင်ငံတော်ရဲ့ လျှပ်စစ်ဓာတ်အား ကို ထောက်ပံ့ပေးနိုင်မှာဖြစ်သလို ဒီဒေသမှာ လိုအပ်နေတဲ့ လျှပ်စစ်ဓာတ်အားကို ထပ်မံ ဖြည့်ဆည်းပေးမှာ ဖြစ်တဲ့အတွက် ဒီလုပ်ငန်းတွေ ဖြစ်ပေါ်လာနိုင်ဖို့ ကျွန်တော်တို့အနေဖြင့် ပံ့ပိုးဆောင်ရွက်သွားပါမယ်။ ဒေသအနေနဲ့လည်း ရင်းနှီးမြှုပ်နှံမှုများ လာရောက် ရင်းနှီးမြှုပ်နှံဖို့ အတွက် အဆင်သင့်ဖြစ်အောင် စနစ်တကျ၊ စည်းကမ်းတကျ ဆောင်ရွက်ပေးသွားနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။

**ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၏ ရှင်းလင်းဆွေးနွေးချက်**

၁။ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ တွေ့ဆုံပွဲကိုတက်ရောက်လာကြတဲ့ လူကြီးမင်းများအားလုံး မင်္ဂလာပါ လို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန နှင့် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှမိုး ဖြစ်ပါတယ်။

၂။ သမဝါယမနှင့်ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီး ဌာန လက်အောက်မှာသမဝါယမဦးစီးဌာန၊ အသေးစားစက်မှုလက်မှုဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ ကျေးလက်လမ်းဦးစီးဌာန တို့ရှိပါတယ်။ ကျွန်တော်ဒီဝန်ကြီးဌာနကို စတင်တာဝန်ယူတဲ့ အချိန်မှာ ကျေးလက်နေပြည်သူလူထုမှာ (၇၀%) ရှိပြီး ကျေးလက်နေ ပြည်သူလူထုအား လူမှုဘဝမြင့်မားပြီး ဝင်ငွေတိုးအောင် လုပ်ပေးနိုင်ဖို့ နိုင်ငံတော်ဝန်ကြီးချုပ်က တာဝန်ပေးထားပါတယ်။ ကျေးလက်နေပြည်သူလူထုသည် စိုက်ပျိုးရေးနှင့်မွေးမြူရေး လုပ်ငန်း(၂)ခုသာ လုပ်ကိုင် ကြပြီး စိုက်ပျိုးတဲ့နေရာ မြေ၊ မျိုး၊ ရေ၊ မီးရယ် (၄)မျိုး ပြည့်စုံစွာလုပ်ကိုင်နိုင်လျှင် အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ MSMEs နှင့် ပတ်သက်၍ တင်ပြရမှာက အသေးစားစက်မှုလုပ်ငန်းဦးစီးဌာန ရှိပါတယ်။ အသေးစားစက်မှုလက်မှုလုပ်ငန်းမှာဆိုရင် မြင်းကောင်ရေ တမတ်ကနေ ၅ ကောင်အထိ၊ လုပ်သား အင်အား ၁ ယောက်မှ ၉ ယောက်ထိရှိရင် မှတ်ပုံတင်ပေးပါတယ်။ မှတ်ပုံတင်ပြီးရင် အသေးစား စက်မှု လက်မှုလုပ်ငန်းမှ အသက်မွေးသင်တန်းတွေ ပေးပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ မြစိမ်းရောင်စီမံကိန်းကနေ စီးပွားရေးလုပ်ငန်း တွေကို ချေးငွေမပေးဘဲ လိုအပ်တဲ့အရာများကိုသာ တည်ထောင်ပေးပါတယ်၊ လက်တွေ့မှာလည်း

ဆောင်ရွက်ပေးနေတာတွေရှိပြီး အောင်မြင်ပါတယ်။ ရွာငံရွာရှိ ကော်ဖီစိုက်ပျိုးသူတွေမှာ ကော်ဖီသီး ၁ ပိဿာလျှင် ၇၀၀ ကျပ် ရောင်းရပါတယ်၊ ကော်ဖီစိုက်ပျိုးသူတွေ လိုအပ်တဲ့စက် ဝယ်ပေးပါတယ်။ နောက်ထပ်ကော်ဖီစေ့လုပ်တဲ့စက်ကို လည်း ဝယ်ပေးသွား မှာ ဖြစ်ပါတယ်။ အဲဒီလုပ်ငန်းက ဝင်ငွေရတဲ့ လုပ်ငန်းဖြစ်တဲ့အတွက် စက်ပစ္စည်းတန်ဖိုး ပြန်လည် ပေးဆပ် နိုင်တာတွေ့ရှိရပါတယ်။

၃။ နေပြည်တော်မှာ သဘာဝဓါတ်မြေသြဇာစက်ရုံရှိပါတယ်၊ ဓါတ်မြေသြဇာကို နွားချေးဖြင့် ထုတ်ပြီး နွားကောင်ရေ ၃၀၀ ကျော်ရှိပါတယ်၊ သမဝါယမအသင်းချုပ်မှ သိန်း ၁၀၀၀ ထုတ်ချေးပေးထားပြီး စက်ရုံလည်ပတ်ကာ ဓါတ်မြေသြဇာများ ထွက်နေပြီဖြစ်ပါတယ်၊ မန္တလေးမှာ ရှိတဲ့ ရပ်နားထားတဲ့ နို့ချက်စက်ရုံ ကို ပြန်လည်ပတ်ရန် ဆောင်ရွက်လျက်ရှိပါတယ်၊ FDA ထောက်ခံချက်လက်မှတ်ရရှိပါက စက်ရုံလည်ပတ်မည်ဖြစ်ပြီး နို့ဆီ၊ နို့မှုန့်များ ထုတ်လုပ်သွားမှာဖြစ်ပါတယ်၊ နို့ဆီဗူး တစ်နေ့လျှင် ဗူး ၆၀၀၀ ထုတ်မည်ဖြစ်ပြီး အရင်က ဂတ်(စ်)ဖြင့် လည်ပတ်ခဲ့ပြီး ယခုစပါးခွံဖြင့် လည်ပတ်မှာ ဖြစ်ပါတယ်၊ ကျွန်တော် တင်ပြချင်တာ ကတော့ တကယ်လုပ်ရင် တကယ်ဖြစ်မည် တကယ်လုပ်ဖို့ပဲ လိုအပ်ပါတယ်။ အချို့ လုပ်ငန်းရှင်တွေက ချေးငွေယူပြီး တလွဲအသုံးချနေသဖြင့် လုပ်ငန်းမအောင်မြင်ကြောင်း တွေ့ရှိရပါတယ်။

၄။ MSME လုပ်ငန်းများအတွက် သက်ဆိုင်ရာချေးငွေများ ထုတ်ချေးပေးနိုင်ရန်အတွက် စီစဉ်ထားရှိပြီး၊ MSME လုပ်ငန်းများ အောင်မြင်နိုင်စေရန်အတွက် အားလုံးပူးပေါင်း ဆောင်ရွက်ကြရန်လိုပါတယ် ၊ ကျွန်တော် တို့ ဝန်ကြီးဌာန အနေဖြင့် လည်း ပူးပေါင်းပါဝင် ဆောင်ရွက်မှာ ဖြစ်ပါတယ်၊ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး နှင့် ပတ်သက်၍ မိမိတို့ဌာန ရန်ပုံငွေမှ ပဲတီစိမ်း ဧက ၅ သိန်းနှင့် နွေစပါးဧက ၈.၅ သိန်းစိုက်ပျိုးရန် စီစဉ်ထားကြောင်းနှင့် ပဲတီစိမ်းစိုက်ဧကအချို့ကို စိုက်ပျိုးထားပြီး နွေစပါး စိုက်ပျိုးရန်အတွက် မျိုးနဲ့မြေသြဇာ များကိုလည်း စိုက်ပျိုးသူများထံ ရောက်ရှိအောင်စီစဉ် ထားပြီးဖြစ်ပါတယ်၊ အဆိုပါ လုပ်ငန်းအား အောင်မြင်စွာဆောင်ရွက်နိုင်စေရန် လိုအပ်ပြီး အကောင်အထည် ဖော်ဆောင်ရွက် နိုင်ပါက စိုက်ပျိုးထုတ်လုပ်သူများအတွက် အကျိုးများစွာဖြစ်ထွန်းမှာ ဖြစ်ပါတယ်၊ ကျွန်တော်တို့ ဌာနအနေဖြင့် တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးထားပြီး ရယူထားသော တောင်သူများအနေဖြင့်လည်း အချိန်မီပြန်လည်ပေးဆပ်၍ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကိုလည်း စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ပါက အောင်မြင်မှု အသီးအပွင့်များ ရရှိမည်ဖြစ်ကာ ကျွန်တော်တို့တွေ ပူးပေါင်းပြီးဆောင်ရွက်ပါက နိုင်ငံတော်၏

စီးပွားရေးနှင့်  MSME လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၏ ရှင်းလင်းဆွေးနွေးချက်

၁။ လေးစားအပ်ပါသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တစ်ကွ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက် အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ  တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအရာရှိကြီးများ၊ MSME လုပ်ငန်းရှင်များ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း ဖြစ်ပါတယ်။

၂။ ယနေ့ မကွေးတိုင်းဒေသကြီးမှာ ကျင်းပပြုလုပ်တဲ့ အသေးစား၊ အငယ်စားနှင့် အလတ်စား လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲမှာ ကျွန်တော့ အနေနဲ့ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် သိရှိဆောင်ရွက်နိုင်ရန် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

၃။ MSMEs ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် က ဒေသအသီးသီး မှာရှိတဲ့ MSMEs လုပ်ငန်းရှင်များနဲ့ တွေ့ဆုံပွဲများကို နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်များမှာ (၉)ကြိမ် တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ပြီး MSMEs ဆိုင်ရာ လမ်းညွှန်မှာကြားချက်များ စုစုပေါင်း  (၁၀၉)ချက် လမ်းညွှန်မှာကြားထားပါတယ်။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲများမှာ MSMEs လုပ်ငန်းရှင်များမှ တင်ပြချက် များအနေဖြင့် နည်းပညာ၊ ငွေကြေး၊ ဈေးကွက်၊ မြေနေရာ၊ ကုန်ကြမ်း၊ စက်ပစ္စည်းနှင့် အခြား စတဲ့ ကဏ္ဍ(၇)ခုမှာ တင်ပြချက် စုစုပေါင်း (၉၅)ချက် ရှိကြောင်း  စိစစ်တွေ့ရှိရပါတယ်။

၄။ မကွေးတိုင်းဒေသကြီးအတွင်းမှာ အထင်ကရနေရာများအဖြစ်  မကွေးမြသလွန် စေတီတော်၊ စန္ဒကူးနံ့သာကျောင်းတော်ရာဘုရား၊ မန်းရွှေစက်တော်ဘုရား၊ ဗိသနိုးရှေးဟောင်း ယဉ်ကျေးမှု နယ်မြေ၊ မင်းလှခံတပ်၊ ငွေ့ချောင်းခံတပ်တို့ရှိပြီး ဒေသတွင်းရှိ အလားအလာရှိသော MSME စီးပွားရေး ကဏ္ဍများ အနေနဲ့ကတော့ သွင်းကုန်အစားထိုးလုပ်ငန်းများ၊ ပြည်ပပို့ကုန် လုပ်ငန်းများ၊ စိုက်ပျိုး မွေးမြူရေးဆိုင်ရာ စားသောက်ကုန်လုပ်ငန်းများ ဖြစ်ပါတယ်။ နာမည်ကြီးတဲ့ ဒေသထွက်ကုန်များမှာ ပခုက္ကူချည်ထည်၊ မကွေးပဲ/နှမ်းဆီ၊ ကုန်ဇောင်းဆန်၊

ရှင်မတောင်သနပ်ခါး၊ ရေစကြိုအမွှေးတိုင်၊ ရေစကြိုထန်းသီးမုန့်၊ စလေဇီးသီး၊ ပဲယို/နှမ်းယို၊ နှမ်းလှော် စသည်တို့ကိုလည်း ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product) အစီအစဉ်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက် သွားနိုင်ရေးအတွက်လည်း MSMEs လုပ်ငန်းကော်မတီမှ လမ်းညွှန်မှုဖြင့် ဒေသဆိုင်ရာ အေဂျင်စီ၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းအကောင်အထည် ဖော်ဆောင်ရွက်ပေးသွားနိုင်မှာ ဖြစ်ပါတယ်။

၅။ မကွေးတိုင်းဒေသကြီး အပါအဝင် တိုင်းဒေသကြီး / ပြည်နယ်အသီးသီး မှာ ဒေသဆိုင်ရာ MSME ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီများ ဖွဲ့စည်းထားရှိပြီး ဖြစ်ပါတယ်။ သက်ဆိုင်ရာ အေဂျင်စီများ အနေဖြင့် MSMEs များ မှတ်ပုံတင်ခြင်း ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက် သွားရမှာ ဖြစ်ပြီး အေဂျင်စီ၏ လုပ်ငန်း ဆောင်ရွက်ချက်များအား လစဉ်လုပ်ငန်းကော်မတီသို့ အစီရင်ခံ တင်ပြရန် လိုအပ်ပြီး လုပ်ငန်း ကော်မတီမှ ဗဟိုကော်မတီသို့ စုစည်းသုံးသပ် တင်ပြအစီရင်ခံ သွားမှာ ဖြစ်ပါတယ်။

၆။ ကျွန်တော်တို့ စက်မှုဝန်ကြီးဌာနအနေနဲ့ ယခုလ ၂၆.၁၁.၂၀၂၂ ရက်နေ့မှ ၂၈.၁၁.၂၀၂၂ ရက်နေ့အထိ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ အထောက်အပံ့နဲ့ အကောင်အထည် ဖော်ဆောင်ရွက်တဲ့ "မဲခေါင်ဒေသတွင်းနိုင်ငံများဖွံ့ဖြိုးတိုးတက်မှုအတွက် လူငယ်စီးပွားရေးစွမ်းဆောင်ရှင်များ၏ ဆန်းသစ်တီထွင်မှုဆိုင်ရာ နှီးနှောဖလှယ်ပွဲ" ကို နေပြည်တော် မှာ ကျင်းပပြုလုပ်လျက်ပါတယ်။ ဒီနှီးနှောဖလှယ်ပွဲနဲ့အတူ မြန်မာနိုင်ငံဒေသ အသီးသီးမှာရှိတဲ့ ပြည်တွင်းထုတ်ကုန် လုပ်ငန်းများရဲ့ ဈေးကွက်ချဲ့ထွင်လာနိုင်စေရန်အတွက် ရည်ရွယ်ပြီး "MSMEs ပြည်တွင်းထုတ်ကုန်ပစ္စည်းများ အားပေး မြှင့်တင်ရေးပြပွဲ"ကို တပြိုင်တည်း ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဒ့ါအပြင် MSMEs လုပ်ငန်းများရဲ့ ဈေးကွက်ချဲ့ထွင်နိုင်ရေး၊ ဒီဂျစ်တယ်ပလက်ဖောင်းကို အသုံးပြုပြီး မိမိရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်နိုင်စေဖို့အတွက် (၂၆.၁၁.၂၀၂၂) ရက်နေ့မှာ E-market Place for Myanmar Products Platform ( Online ဖြင့် ဈေးရောင်းဝယ်ခြင်းစနစ်)ကို စတင်ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီစနစ်မှာ ပထမအဆင့်အနေနဲ့ MSME လုပ်ငန်းပေါင်း (၁၀၀) ခန့်ကို ၎င်းတို့ရဲ့ ထုတ်ကုန်ပစ္စည်းများ ပြသရောင်းချခွင့်ပေးသွားမှာဖြစ်ပြီး နောက်ပိုင်းမှာ လုပ်ငန်းအရေအတွက်ကို ထပ်တိုးခွင့်ပြုဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ပြပွဲကာလ(၃)ရက်အတွင်းမှာ လာရောက်ကြည့်ရှုလေ့လာသူ (၁,၁၇၃)ဦး၊ ပြခန်းများမှာ ရောင်းချရငွေ စုစုပေါင်း ကျပ်(၅၅)သန်းကျော် နှင့် E-Market စနစ်ဖြင့် ရောင်းရ ငွေစုစုပေါင်း (၁၇၇,၄၀၀)ကျပ်ရှိကြောင်း သိရှိရပါတယ်။

၇။ ယခု ဆက်လက်ပြီး ယနေ့တွေ့ဆုံပွဲမှာ MSMEs လုပ်ငန်းရှင်များရဲ့ တင်ပြချက်များ နဲ့ စပ်လျဉ်း၍ ရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး ကုန်သည်ကြီးများနှင့် ဆီစက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဖိုးနီ၏ ဆွေးနွေးတင်ပြချက်အရ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီစက် လုပ်ငန်းများ၏ စားသုံးဆီ ထုတ်လုပ်မှုတိုးမြှင့်နိုင်ရန် ရည်ရွယ်၍ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ချေးငွေများ ထုတ်ပေး သွားမှာဖြစ်ပါတယ်။ ဆီစက်များအား ချေးငွေ ထုတ်ချေး ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန် (၆.၇.၂၀၂၂) ရက်နေ့တွင် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှု လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခဲ့ ပါတယ်။ ပြည်တွင်းဆီစက်များကို အဆင့်မီစက်ပစ္စည်းများ တိုးချဲ့တပ်ဆင်ခြင်း၊ ခေတ်မီဆီစက် အသစ်များ ထပ်မံတည်ဆောက်ခြင်းနှင့် လက်ရှိ ဆီစက်များ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက် နိုင်ရေး ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ယင်းအဖွဲ့အနေဖြင့် ယခုအခါ အထောက်အကူပြု အဖွဲ့များ ဖွဲ့စည်း၍ လိုအပ်သောမူဝါဒ လုပ်ငန်းစဉ် နှင့် သတ်မှတ်ချက်များ၊ ရေးဆွဲပြုစုတင်ပြ ထားရှိပြီး ဖြစ်ပါတယ်။

၈။ ချေးငွေလိုအပ်ချက်ပမာဏကို သိရှိနိုင်ရန် ဆီစက်ချေးငွေအဆိုပြုလွှာများ ခေါ်ယူခြင်း ကို (၂၆.၁၁.၂၀၂၂) ရက်နေ့ထုတ် မြန်မာ့အလင်း နှင့် ကြေးမုံ သတင်းစာများတွင် ကြော်ငြာ ထည့်သွင်းထားရှိပြီး ဖြစ်ပါတယ်။ ချေးငွေရယူလို သော လုပ်ငန်းရှင်များအနေဖြင့် ချေးငွေ အဆိုပြုလွှာများကို နေပြည်တော် ၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ၊ ရုံးအမှတ်(၃၇) သို့ ပေးပို့တင်ပြ သွားရမှာ ဖြစ်ပါကြောင်း အသိပေးဖြေကြားအပ်ပါတယ်။

၉။ ဆက်လက်ပြီး မခါနှင့်ညီမများ သဘာဝဆိုးဆေးရက်ကန်းလုပ်ငန်းရှင် ဒေါ်တင်ဌေး ဆွေးနွေးတင်ပြချက် အပေါ် ဖြေကြားသွားပါမယ်။ မိရိုးဖလာရက်ကန်းလုပ်ငန်းတွေကို အားပေး မြှင့်တင်နိုင်ရန်အတွက် အထောက်အပံ့ပေးဖို့ အဓိကကျတဲ့ အချက်က လျှပ်စစ်မီး ရရှိရေး ဖြစ်ပါတယ်။ လျှပ်စစ်မီး ရရှိပါက စက်ပစ္စည်းနဲ့လုပ်ကိုင်နိုင်တဲ့ ရေလျော်ခြင်း၊ ပေါင်းတင်ခြင်း၊ ပိတ်ကြိတ်ခြင်း ဆောင်ရွက်နိုင်ပါက ပိတ်သားအရည်အသွေး ပိုမိုကောင်းမွန် လာမှာဖြစ်ပါတယ်။ သဘာဝဆိုးဆေးနဲ့ နည်းပညာ လိုအပ်ချက်ကတော့ Mass Production ထုတ်လုပ်နိုင်ဖို့ လျှပ်စစ်ဓာတ်အား နှင့် ရေနွေးငွေ့ ကို အသုံးပြုဖို့လိုအပ်ပြီး အဲဒီ အတွက် လျှပ်စစ်နှင့်ဘွိုင်လာ အသုံးပြုရပါမယ်။ ချည်ခင်ဆေးဆိုးစက် ၊ ချည် အခြောက်လှန်းစက်အသုံးပြုရပါမယ်။ အဲဒီလိုအသုံးပြုနိုင်ရင် ဒယ်အိုးနှင့်ထင်းမီး သုံးပြီး ဆေးဆိုးတာထက် အရည်အသွေးကောင်းပြီး ထုတ်လုပ်မှုမှာလဲ အဆများစွာ တိုးတက်လာမှာဖြစ်လို့ လျှပ်စစ်မီးနှင့် စက်ပစ္စည်းများ

ထည့်သွင်းဆောင်ရွက်ပါက ဆေးဆိုးနည်းပညာကိုပါ ထောက်ပံ့ကူညီ ပေးနိုင်မှာ ဖြစ်ပါတယ်။ လက်ရှိတွင် ဝမ်းတွင်း ၊ မိတ္ထီလာ ၊ အမရပူရတို့ရှိ အထည်လုပ်ငန်းတွေမှာ နည်းပညာမြင့် ချည်ဆေးဆိုးစက်များ အသုံးပြုလျက်ရှိပြီး ဆေးဆိုးခြင်း နည်းပညာများကို အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းမှ ပညာရပ်ဆက်စပ်မှုအရ ဖြန့်ဝေပေးနိုင်ပါတယ်။ စက်ပစ္စည်း တစ်ခုချင်း အလိုက်အနည်းဆုံး Power လိုအပ်ချက်မှာ 100KW ခန့်ရှိပြီး နေရောင်ခြည် စွမ်းအင်သုံး Solar Panel များမှ လျှပ်စစ်ဓာတ်အား ရယူရေး ဆောင်ရွက်နိုင်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။

၁၀။ Jumjel သဘာဝစလေ ဇီးနှင့်မန်ကျည်းအနှစ်ဖျော်ရည်လုပ်ငန်းရှင် ဒေါ်သက်စုဌေး ၏ ဆွေးနွေးတင်ပြချက်အပေါ် ရှင်းလင်းတင်ပြရလျှင် MSMEs ထုတ်ကုန်များအတွက် ကုန်ကြမ်း တင်သွင်းမှု အခွန်လျှော့ပေါ့ပေးခြင်း၊ ပြည်တွင်းတွင် ထုတ်နိုင်သည့်ကုန်ချောများကို ပြည်ပမှ တင်သွင်းမှု အခွန် တိုးမြှင့် ကောက်ခံခြင်းကိစ္စရပ်များ ၊ လျှပ်စစ်ဓာတ်အားရရှိရေး အစရှိသည့် MSMEs လုပ်ငန်းများ အတွက် အထောက်အပံ့ပေးရမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ MSMEs လုပ်ငန်းကော်မတီ (၁/၂၀၂၂) အစည်းအဝေးတွင် ဆွေးနွေးညှိနှိုင်းခဲ့ပြီး ဖြစ်ပါတယ်။ လုပ်ငန်း ကော်မတီ၏ လမ်းညွှန်မှုဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝိုင်းဝန်းပူးပေါင်း အကောင် အထည် ဖော်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

၁၁။ ဆက်လက်ပြီးကောင်းသန့်ဆီစက်လုပ်ငန်းရှင် ဦးဝင်းထွန်း ၏ ဆွေးနွေး တင်ပြချက်ကို ရှင်းလင်းဖြေကြားသွားပါမယ်။ မကွေးမြို့ အသေးစားစက်မှုဇုန် အကောင်အထည်ဖော်ရန် လျာထားသည့် မြေနေရာမှာ မကွေးမြို့နယ်၊ မကြီးကန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်၊ ၁၆၆၀/၂၈၇၂ (မကြီးကန်ချောင်းကွင်း) အတွင်း တည်ရှိပြီး နိုင်ငံပိုင်မြေ ( State Land ) အဖြစ် သတ်မှတ် ထားသည့်မြေ နေရာများဖြစ်ကြောင်း၊ အကျယ်အဝန်းအားဖြင့် ဧရိယာ ၃၈၂.၅၂ ဧက ကျယ်ဝန်း ကြောင်းနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် ပုံစံ(၃) ထုတ်ပေးထားသည့် တောင်သူ များနှင့် မြေယာ လျော်ကြေးပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ဆဲ ဖြစ်ကြောင်း သိရှိရပါတယ်။

၁၂။ ၂၀၂၀ ပြည့်နှစ် စက်မှုဇုန်ဥပဒေ ပုဒ်မ ၁၃ အရ စက်မှုဇုန်တစ်ခု တည် ထောင်ရာမှာ လိုအပ် သည့် အချက်များကို အကြံပြုဆွေးနွေးတင်ပြလိုပါတယ်။

- သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ ရွေးချယ် အဆိုပြုသည့် စက်မှုဇုန် မြေနေရာအတွက် မြေယာကိစ္စလုပ်ငန်းများအား တည်ဆဲဥပဒေများ နှင့် အညီ ရှင်းလင်းဆောင်ရွက်ခြင်း၊

လို့ဝှက်

- မြေယာကိစ္စ ဆောင်ရွက်ပြီးစီးပါက လိုအပ်သော အခြေခံအဆောက် အအုံများ ပါဝင်သည့် စက်မှုဇုန်အကောင်အထည်ဖော်ရေးပင်မစီမံကိန်း (Master Plan) နှင့် အတူ စက်မှုဇုန် တည်ထောင်ခွင့်အဆိုပြုတင်ပြချက်ကို တိုင်းဒေသကြီးအဆင့် ဒေသဆိုင်ရာ စက်မှုဇုန်များ ဖော်ဆောင်ရေး နှင့် ကြီးကြပ်ရေး ကော်မတီမှ ပြည် ထောင်စုအဆင့်သို့ တင်ပြခြင်း၊
- အဆိုပြုတင်ပြချက်ကိုစိစစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြ အတည်ပြု ချက် ရရှိပါက စက်မှုဇုန်တည် ထောင်ရန်အတည်ပြု ချက်အမိန့်ထုတ်ပြန် ဆောင်ရွက် ပေးခြင်းတို့ကို အဆင့်ဆင့်ဆောင်ရွက် သွားရမှာဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြား အပ်ပါတယ်။

၁၃။ "ရွှေတိမ်လွှာ"သောက်ရေသန့်နှင့် ဆီစက်လုပ်ငန်းရှင် ဦးမောင်မောင်လွင် ဆွေးနွေး တင်ပြချက် အပေါ် ရှင်းလင်းဖြေကြား သွားပါမယ်။ ယခင်တွေ့ဆုံပွဲများတွင် အလားတူ Refinery နည်းပညာနှင့် စက်ပစ္စည်းရရှိရေး တင်ပြချက်များအရ စားသုံးဆီသန့်စင်သည့် Refinery နည်းပညာနှင့် စက်ပစ္စည်းများ ပံ့ပိုးပေးနိုင်ရေး အတွက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနမှ ကြီးမှူး၍ Stakeholder များအား လုံးပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲကို (၂၈.၁၀.၂၀၂၂) ရက်နေ့တွင် Hybrid စနစ်ဖြင့် ကျင်းပ ပြုလုပ်ပေးခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ ၏ ရလဒ်တစ်ခုအနေဖြင့် ပြည်တွင်းတွင် Demonstration Refinery Plant တစ်ခုအား Design ရေးဆွဲတပ်ဆင် ထုတ်လုပ် ဆောင်ရွက်လျက်ရှိ ပါတယ်။ စက်မှုကြီးကြပ်ရေး နှင့် စစ်ဆေးရေးဦးစီးဌာန၊ နည်းပညာနှင့်ဈေးကွက်မြှင့်တင်ရေးဌာနနှင့် Food Science and Technology Association Myanmar ( FOSTA ) တို့ ညှိနှိုင်းပူးပေါင်း၍ ပညာရှင် (၁၁)ဦး၏ အကြံဉာဏ်များဖြင့် ဆောင်ရွက်လျက်ရှိပြီး တစ်ရက်လျှင် ဆီပိဿာချိန် (၆၀၀) နီးပါးခန့် ရရှိနိုင် ကာ ဒီဇင်ဘာလအတွင်း အပြီးသတ် ထုတ်လုပ်ပြီးစီးနိုင်မှာ ဖြစ်ပါတယ်။ Refinery ပြုလုပ် နိုင်မည့် ဆီအမျိုးအစားများမှာ ဝါစေ့ဆီ နှင့် နေကြာဆီတို့ဖြစ်ပြီး စမ်းသပ်ပြီးစီးပါကဆီစက် လုပ်ငန်းရှင်များအား Demonstration ပြသ၍ သင်တန်းပို့ချပေးသွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

၁၄။ ဆက်လက်ပြီး ဇင်ယော် ပဲယို ၊ နှမ်းယိုလုပ်ငန်းရှင် ဒေါ်ရီရီထွန်း မှ ထုပ်ပိုးမှု စနစ် ကို တီထွင်ဆန်းသစ်လိုပါကြောင်း တင်ပြချက် နှင့် စပ်လျဉ်း ၍ နည်းပညာပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန နှင့် ဆက်သွယ်ဆောင်ရွက် နိုင်ပါကြောင်းရှင်းလင်းပြောကြားလိုပါတယ်။

လို့ဝှက်

၁၅။ ရွှေနဂါးဆိုင်ကယ်ထုတ်လုပ်ရေးလုပ်ငန်းရှင် ဒေါ်ဝင်းမော်ထွန်း ၏ ဆွေးနွေးတင်ပြချက် နှင့် စပ်လျဉ်း ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုချက်ဖြင့် ပြည်တွင်းတွင် SKD စနစ်ဖြင့် မော်တော်ယာဉ်များ ၊ မော်တော်ဆိုင်ကယ်များ ထုတ်လုပ်လျက်ရှိပါတယ်။ Battery အသုံးပြုသည့် လျှပ်စစ်မော်တော်ဆိုင်ကယ်များ ထုတ်လုပ် နိုင်ပါက ပိုကောင်းပါမယ်။ Electric Vehicle နှင့် ပတ်သက်၍ နိုင်ငံတော် မှ မူဝါဒများ ချမှတ်ရေးဆွဲထားရှိပြီး ပြည်တွင်းမှာ ထုတ်လုပ် သုံးစွဲနိုင်ရေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဝန်ကြီးဌာန မှ ဒေါ်ဝင်းမော်ထွန်း နှင့်ဆက်လက်ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ် ပါတယ်။

နောက်ဆက်တွဲ (ဃ)

## တွေ့ဆုံဆွေးနွေးပွဲ မှတ်တမ်းဓာတ်ပုံများ





## လှည့်လည်အားပေးကြည့်ရှုခြင်း မှတ်တမ်းဓာတ်ပုံများ










## ထုတ်ကုန်များခင်းကျင်းပြသထားမှု မှတ်တမ်းဓာတ်ပုံများ

**“ကြယ်ဖြူ” ခေါင်းလျှော်ရည်နှင့်**
**ဆပ်ပြာအမျိုးမျိုးထုတ်ကုန်ပြခန်း**
**မကွေးမြို့**



ထုတ်ကုန်ပစ္စည်း– ခေါင်းလျှော်ရည်၊ ဆပ်ပြာ

**“Koung Mon”**
**ပဲယိုနှမ်းယိုနှင့်ဒိန်ချဉ်ထုတ်ကုန်ပြခန်း**
**မကွေးမြို့**



ထုတ်ကုန်ပစ္စည်း – “Koung Mon” Bakery၊
ပဲယို၊နှမ်းယိုနှင့်ဒိန်ချဉ်

**“JUMJEL”**
**ဇီးနှင့်မန်ကျည်းဖျော်ရည်ထုတ်ကုန်ပြခန်း**



ထုတ်ကုန်ပစ္စည် – ဇီးနှင့်မန်ကျည်းဖျော်ရည်၊
ပုန်းရည်ကြီး၊ ပဲကြော်

**“မြထည်ဝါ” ကြာချည်ထုတ်ကုန်ပြခန်း**
**စလင်းမြို့**



ထုတ်ကုန်ပစ္စည်း – ကြာချည်၊ကြာစေ့၊ ကြာဝတ်ဆံ

**“ဂဠုန်မင်းညီနောင်” အထည်ထုတ်ကုန်ပြခန်း**

**ပခုက္ကူမြို့**




ထုတ်ကုန်ပစ္စည်း – ချည်ထည်၊ စောင်၊ ပုဝါ

**ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း ထုတ်ကုန်ပြခန်း**

**ပခုက္ကူမြို့**




ထုတ်ကုန်ပစ္စည်း – ရက်ကန်းထည်၊ ပုဝါ၊ လက်သုတ်ပုဝါ၊ စောင်

**“မခါနှင့်ညီအစ်မများ” သဘာဝဆိုးဆေးလက်ရက်ကန်းထုတ်ကုန်ပြခန်း**

**မင်းလှမြို့**




ထုတ်ကုန်ပစ္စည်း– ချည်ထည်၊သဘာဝဆိုးဆေးပုဝါမျိုးစုံ

**“ဇင်ယော်” ပဲယို၊ နှမ်းယို ထုတ်ကုန်ပြခန်း**

**အောင်လံမြို့**




ထုတ်ကုန်ပစ္စည်း – ပဲယို ၊ နှမ်းယို

**"အမေထွား" ပဲဆီသန့်ထုတ်ကုန်ပြခန်း**
**မကွေးမြို့**




ထုတ်ကုန်ပစ္စည်း – ပဲဆီ၊ နှမ်းဆီ

**"Beikthano Thu"**
**ဘက်စုံသုံးဆပ်ပြာဆီထုတ်ကုန်ပြပွဲ**
**တောင်တွင်းကြီးမြို့**




ထုတ်ကုန်ပစ္စည်း – တိုင်းရင်းဆေးမျိုးစုံ၊
ဘက်စုံသုံးဆပ်ပြာဆီ

**"MOM" ဒန့်သလွန်ထုတ်ကုန်ပြခန်း**
**မကွေးမြို့**




ထုတ်ကုန်ပစ္စည်း – ဒန့်သလွန်အဆီ၊ဒန့်သလွန်ခေါက်ဆွဲ၊
ဒန့်သလွန်ရွက်ခြောက်အမှုန့်

**"Daily" ဒိန်ချဉ်ထုတ်ကုန်ပြခန်း**
**မကွေးမြို့**




ထုတ်ကုန်ပစ္စည်း – ဒိန်ချဉ်၊ နွားနို့

**"ရွှေလက်ရာ"**
**အုန်းသီးခြောက်လက်မှုအနုပညာထုတ်ကုန်ပြခန်း**
**မကွေးမြို့**




ထုတ်ကုန်ပစ္စည်း – အုန်းသီးခြောက်လက်မှုထည်များ

**"လှယဉ်ကျေးမယ်" ယိုစုံထုတ်ကုန်ပြခန်း**
**မကွေးမြို့**




ထုတ်ကုန်ပစ္စည်း – သရက်ယို၊ ဇီးယို၊ သံပုရာယို၊ ရှောက်ချိုမှုင်

**"လဝန်းအိမ်" ပါပလာထုတ်ကုန်ပြခန်း**
**မကွေးမြို့**




ထုတ်ကုန်ပစ္စည်း – ပါပလာ

**"မိုးခ" ဆိတ်သားခြောက်မီးကင်ထုတ်ကုန်ပြခန်း**
**တောင်တွင်းကြီးမြို့**




ထုတ်ကုန်ပစ္စည်း – ဆိတ်သားခြောက်မီးကင်

**“ဆွေဇင်”အာလူးကြော်နှင့်မုန့်မျိုးစုံထုတ်ကုန်ပြခန်း**
**မကွေးမြို့**



ထုတ်ကုန်ပစ္စည်း – အာလူးကြော်နှင့်မုန့်မျိုးစုံ

**“နေခြည်” အာလူးကြော်ထုတ်ကုန်ပြခန်း**
**မကွေးမြို့**



ထုတ်ကုန်ပစ္စည်း – အာလူးကြော်

**“ခန့်ခန့်” ဆီချက်ခေါက်ဆွဲထုတ်ကုန်ပြခန်း**
**မကွေးမြို့**




ထုတ်ကုန်ပစ္စည်း – ဆီချက်ခေါက်ဆွဲ၊ မာလာရှမ်းကော၊ မာလာရှူးရှဲ

**“ချယ်ရီစံ” ရှမ်းရိုးရာစားသောက်ကုန်ထုတ်ပြခန်း**
**မကွေးမြို့**



ထုတ်ကုန်ပစ္စည်း – နေကြာစေ့လှော်၊ ဆီတို့ဖူး

**"Ruby Super Bocashi"**
**တောင်သူအကျိုးပြုအကောင်းဆုံးသဘာဝ**
**မြေဩဇာထုတ်ကုန်ပြခန်း**
**ပွင့်ဖြူမြို့**




ထုတ်ကုန်ပစ္စည်း – မြေဩဇာအမျိုးမျိုး

**"ပန်ထွာ" လောင်စာတောင့်ထုတ်ကုန်ပြခန်း**
**မင်းလှမြို့**



ထုတ်ကုန်ပစ္စည်း – လောင်စာတောင့်

**"ကောင်းသန့်" ဆန်စက်ထုတ်ကုန်ပြခန်း**
**ပွင့်ဖြူမြို့**




ထုတ်ကုန်ပစ္စည်း – ကုန်းဇောင်းရောပဒေသာဆန်

**"အေဝမ်း" မီးဖိုထုတ်ကုန်ပြခန်း**
**မကွေးမြို့**



ထုတ်ကုန်ပစ္စည်း – စွမ်းအားမြင့်မီးဖို

**"ရွှေယာမြေ" ပဲဆီသန့်ထုတ်ကုန်ပြခန်း**
**ဆင်ဖြူကျွန်းမြို့**



ထုတ်ကုန်ပစ္စည်း - ပဲဆီသန့်

**"Good Right" စပျစ်ဝိုင်လုပ်ငန်း**
**မကွေးမြို့**




ထုတ်ကုန်ပစ္စည်း - စပျစ်ဝိုင်၊ ငပိကြော်

**"မောင်မော်" ကွမ်းညှပ်၊ ကပ်ကြေးထုတ်ကုန်ပြခန်း**
**မကွေးမြို့**




ထုတ်ကုန်ပစ္စည်း -ကွမ်းညှပ်၊ကပ်ကြေး၊ခေါ်း၊မီးညှပ်

**"မဟူရာစွမ်းအား" နှမ်းလှော်မှုန့်ထုတ်ကုန်ပြခန်း**
**မကွေးမြို့**



ထုတ်ကုန်ပစ္စည်း - နှမ်းလှော်မှုန့်

**"ကောင်း & မြတ်" ဆန်စက်ထုတ်ကုန်ပြခန်း**
**ပွင့်ဖြူမြို့**




ထုတ်ကုန်ပစ္စည်း – ကုန်းဖောင်းရောပဒေသာဆန်

**ရေစကြိုနှင့် ပခုက္ကူ ထုတ်ကုန်လုပ်ငန်းပြခန်း**
**ပခုက္ကူမြို့**



ထုတ်ကုန်ပစ္စည်း – ဖိနပ်၊ သနပ်ခါးတုံး၊

**"တိုင်းတောင်သူ"**
**ဖွံ့ဖြိုးရေးအဖွဲ့ထုတ်ကုန်ပြခန်း**
**မကွေးမြို့**



ထုတ်ကုန်ပစ္စည်း –နှမ်း၊မြေပဲ၊ပဲတီစိမ်း၊ယာသီးနှံများ